# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်




## ၂၀၂၄

## နှစ်ပတ်လည်အစီရင်ခံစာ

# မာတိကာ


## အစီရင်ခံစာ ၁

**၁။ ဥက္ကဋ္ဌ၏ သဝဏ်လွှာ** ၂

**၂။ အစီရင်ခံစာ၏ ရည်ရွယ်ချက်** ၅

၂-၁။ အဓိကအချက်များ ၆

၂-၂။ အဓိကကိန်းဂဏန်းများ ၇

၂-၃။ မျှော်မှန်းချက်နှင့် ရည်မှန်းချက် ၈

၂-၄။ မြန်မာ့အရင်းအနှီးဈေးကွက် ၉

**၃။ ကော်မရှင်စီမံအုပ်ချုပ်ပုံ** ၁၃

၃-၁။ စီမံအုပ်ချုပ်မှု ၁၄

၃-၂။ ကော်မရှင်အဖွဲ့ဝင်များ ၁၅

၃-၃။ ကော်မရှင်ရုံးစီမံခန့်ခွဲရေးကော်မတီ ၁၈

၃-၄။ ရသုံးခန့်မှန်းခြေငွေစာရင်း ၁၉

၃-၅။ ထောက်ပံ့မှုများ ၂၀

၃-၆။ ဝန်ထမ်းဦးရေပြောင်းလဲမှုအခြေအနေ ၂၀

၃-၇။ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု ၂၀

**၄။ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း** ၂၁

၄-၁။ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ၂၁

– စာရင်းဝင်ကုမ္ပဏီတိုးခြင်း ၂၁

– စာရင်းဝင်အကြိုဈေးကွက် ၂၂

– ကော်ပိုရိတ်ငွေချေးစာချုပ် ၂၃

၄-၂။ ပြည်တွင်းငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး ၂၃

၄-၃။ စည်းမျဉ်းစည်းကမ်းများဖြင့် ဈေးကွက်အား ထိန်းကျောင်းခြင်း ၂၄

**၅။ ရင်းနှီးမြှုပ်နှံသူများအားကာကွယ်ပေးရန်အသိပညာပေးသင်တန်းများ ဆောင်ရွက်ခြင်း** ၂၅

– အရင်းအနှီးဈေးကွက်သတင်းလွှာ ၂၅

– ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးခြင်း ၂၅

- ပညာပေးဆွေးနွေးပွဲများ ၂၆
- ဟောပြောပွဲ ၂၈
- စကားဝိုင်းဆွေးနွေးပွဲ ၂၉
- AML/CFTဆိုင်ရာ အသိပညာမျှဝေခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း ၃၀

**၆။ ဒေသတွင်းအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း ၃၂**
- အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်၊ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ၃၄
- အွန်လိုင်းဆွေးနွေးပွဲများ ၃၆

**၇။ လူမှုရေးဆိုင်ရာ လှုပ်ရှားမှုများ ၃၇**

**၈။ အရင်းအနှီးဈေးကွက်သုံးသပ်ချက် ၄၀**
- ဈေးကွက်အချက်အလက် ၄၀
- ငွေတိုက်စာချုပ်/ ငွေတိုက်လက်မှတ် ၄၂
- အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ ဖွင့်ဟထုတ်ဖော်ချက်များ ၄၃

## အစီရင်ခံစာ

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်မှ ပဥ္စမအကြိမ် ထုတ်ပြန်သော အစီရင်ခံစာဖြစ်ပြီး အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကပါဝင်သူများဖြစ်သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရန်ကုန်စတော့အိပ်ချိန်း၊ စာရင်းဝင်ကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူများအား ဤကော်မရှင်က တာဝန်ယူမှု တာဝန်ခံမှုရှိစွာ ဆောင်ရွက်မှုများကို သိရှိစေရန် ရည်ရွယ်ပါသည်။

ဤအစီရင်ခံစာတွင် ကော်မရှင်၏ စတုတ္ထအကြိမ်အစီရင်ခံစာထုတ်ပြန်ပြီးချိန်မှစ၍ ကော်မရှင်မှ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်များ အကျုံးဝင်ပါသည်။ အစီရင်ခံစာတွင် အရည်အသွေးဆိုင်ရာ အချက်အလက်များနှင့် အရေအတွက်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များပါဝင်ပြီး ၂၀၂၃–၂၀၂၄ ခု၊ ဘဏ္ဍာရေး နှစ် (၂၀၂၃ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ)နှင့် သက်ဆိုင်ပါသည်။ ဤအစီရင်ခံစာပါ သတင်းအချက် အလက်များကို ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး၏ ဌာနခွဲများမှ စုပေါင်းတင်ပြခြင်းဖြစ်ပါသည်။

ဤပဥ္စမအကြိမ်အစီရင်ခံစာကို ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစား၍ ပြုစုခဲ့ပါသည်။

- ကော်မရှင်သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင် ရာတွင် "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း"ကို မှီငြမ်း ကိုးကားပါသည်။ ဤအစီရင်ခံစာတွင် ဖော်ပြပါ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ မဟာဗျူဟာလုပ်ငန်းစဉ် ၁.၄၊ ၁.၅၊ ၂.၅၊ ၃.၃၊ ၃.၄ နှင့် ၃.၅ တို့အတွက် ကော်မရှင်၏ အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို အသေးစိတ်တွေ့ရှိနိုင်ပါသည်။
- ဤအစီရင်ခံစာတွင် ငွေရေးကြေးရေးနှင့် မသက်ဆိုင်သော အချက်အလက်များအား နိုင်ငံတကာအစီရင်ခံ စာ ရေးသားနည်းစံနှုန်းများ (GRI)[2] နှင့်အညီ ရေးသားတင်ပြထားပါသည်။

အစီရင်ခံစာကို ၂၉ – ၇ –၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ကော်မရှင်၏ ( ၆ /၂၀၂၄)ကြိမ်မြောက် အစည်းအဝေးက အတည်ပြုခဲ့ပါသည်။

အစီရင်ခံစာအား ၃၀ – ၈ –၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေး အမှတ်စဉ်( ၅ / ၂၀၂၄ – ၂၀၂၅ ) သို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။

ဤအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဈေးကွက်တွင် ပါဝင်သူများအနေဖြင့် အကြံပြုချက်များရှိပါက ကော်မရှင်၏ အီးမေးလ် ho@secm.gov.mm သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

## ဥက္ကဋ္ဌ၏ သဝဏ်လွှာ

နိုင်ငံစီးပွားမြင့်တင်ရေးအတွက် အဓိကမောင်းနှင်အား တစ်ရပ်ဖြစ်သော စီးပွားရေးလုပ်ငန်းများလိုအပ်သည့် အရင်းအနှီးများကို ပြည်တွင်းအရင်းအနှီးဈေးကွက်မှတဆင့် ရယူနိုင်ရေးအတွက် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၊ ရန်ကုန်စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများက မိမိတို့ ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် စတင်ဖွဲ့စည်းချိန်မှ ယနေ့အထိ ၉ နှစ်တာ သက်တမ်းကာလအတွင်း ပြည်တွင်းအရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီ ၈ ခု ရှိပြီ ဖြစ်ပါသည်။ ကော်မရှင်၏ ဦးဆောင်မှုနှင့် ကြီးကြပ်ကွပ်ကဲမှုတို့ဖြင့် ရန်ကုန်စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် စာရင်းဝင်ကုမ္ပဏီ ၈ ခုတို့၏ အစုရှယ်ယာအရောင်းအဝယ်များကို နေ့စဉ်အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ပေး လျက်ရှိပြီး နိုင်ငံခြားသားများအပါအဝင် ရင်းနှီးမြှုပ်နှံသူများကလည်း နေ့စဉ်ဝင်ရောက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ် လျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်သည် ကမ္ဘာ့စီးပွားရေး၊ မြန်မာ့စီးပွားရေးတို့အတွက် စိန်ခေါ်မှုများစွာ ရှိခဲ့သည့်နှစ်ဖြစ်ပါ သည်။ ၂၀၂၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ရုရှား-ယူကရိန်းစစ်ပွဲမှ အစပြု၍ ရေနံဈေး၊ ရွှေဈေး၊ အထွေထွေကုန်သွယ် မှုနှုန်းများ မြင့်တက်မှု၊ အစ္စရေး-ဟားမတ်စ်ပဋိပက္ခ၊ အင်အားကြီးနိုင်ငံများ၏ စီးပွားရေးနှင့် ငွေကြေးမူဝါဒများ၊ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ၊ နယ်မြေဒေသအချို့၏ မတည်ငြိမ်မှုများကြောင့် စီးပွားရေး ထိခိုက်မှု များစသည့် စိန်ခေါ်မှုများစွာ ရှိခဲ့ပါသည်။

ထိုသို့ စိန်ခေါ်မှုများစွာရှိခဲ့သော်လည်း အရင်းအနှီးဈေးကွက်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မရှင်သည် အောက်ပါတို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်-

(က) ကော်မရှင်သည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအနှီးဈေးကွက်မှတစ်ဆင့် အရင်းအနှီးများရှာဖွေစုဆောင်းနိုင်ရန် ရန်ကုန်စတော့အိပ်ချိန်း တွင် ဒုတိယဈေးကွက်ဖြစ်သော စာရင်းဝင်အကြိုဈေးကွက်(PLB)ကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၌ တည်ထောင်ခွင့်ပြုခဲ့ပြီး စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်မည့်ကုမ္ပဏီများအတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ၂၀၂၃ခုနှစ်၊ ဇွန်လတွင် ထုတ်ပြန်ခြင်း၊

(ခ) ပြည်တွင်းငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အစိုးရငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်များကို တစ်ဦးချင်းရင်းနှီးမြှုပ်နှံသူနှင့် အဖွဲ့အစည်းအလိုက်ရင်းနှီးမြှုပ်နှံသူ များအား ရောင်းချပေးလျက်ရှိပြီး Secondary Market ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်လည်း ပြည်တွင်းငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းဆောင်ရွက် လျက်ရှိသည့်အပြင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ များက လုပ်ငန်းများတိုးချဲ့ရန် လိုအပ်သည့် ပမာဏကြီးမားသော ငွေအရင်းအနှီးများကို ကော်ပိုရိတ်ငွေချေးစာချုပ်(Corporate Bond) ထုတ်ဝေရောင်းချခြင်းဖြင့် အချိန်တိုအတွင်း အရင်းအနှီးစုစည်းရယူနိုင်ရန် ကော်ပိုရိတ်ငွေချေးစာချုပ်ဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်စေရေး အလေးထားဆောင်ရွက်လျက် ရှိခြင်း၊

(ဂ) အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ နှစ်ပတ်လည်အစီရင်ခံစာများထုတ်ပြန်ရာတွင် ပြည့်စုံမှု ရှိစေရန်နှင့် ကော်ပိုရိတ်ဖွင့်ဟကြေညာမှုလမ်းညွှန်ချက်များနှင့်အညီ ဖြစ်စေရန် နှစ်ပတ်လည် အစီရင်ခံစာဆိုင်ရာ လမ်းညွှန်ချက်ထုတ်ပြန်နိုင်ရေး အပြီးသတ်မူကြမ်း စိစစ် ဆောင်ရွက်ခြင်း၊

(ဃ) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(AML/CFT) ဆိုင်ရာ ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ သတင်းပို့အဖွဲ့အစည်းများအား ဖိတ်ခေါ်၍ ကဏ္ဍအလိုက် AML/CFT ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အကဲဖြတ်အစီရင်ခံစာအပေါ် ဆောင်ရွက်သင့်သည့်အချက်များအား အသိပညာပေး ဆွေးနွေးခြင်း၊

(င) အစုရှယ်ယာရှင်(၁၀၀)ဦးနှင့်အထက် အများပိုင်နှင့် သက်ဆိုင်သော ကုမ္ပဏီ(၅၂)ခု၏ ဘဏ္ဍာရေး ရှင်းတမ်းနှင့် ဖွင့်ဟဖော်ထုတ်မှုများကို IFRS/MFRS နှင့်အညီ ကြီးကြပ်စစ်ဆေးခြင်း၊ စာရင်းဝင် ကုမ္ပဏီ(၈)ခု၊ ရန်ကုန်စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ(၆)ခု၏ လုပ်ငန်း နှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ကြီးကြပ်စစ်ဆေးခြင်း၊

(စ) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးခြင်း၊ စာရင်းဝင်အကြို ဈေးကွက် (PLB)သို့ ဝင်ရောက်မည့်ကုမ္ပဏီများအား လိုအပ်သည့် အကြံဉာဏ်များပေးနိုင်ရန် မှတ်ပုံတင်အကြံပေးကုမ္ပဏီ (၃)ခု အား ခွင့်ပြုနိုင်ရန် အတည်ပြုပေးခဲ့ခြင်း၊

(ဆ) နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည့် အာဆီယံ အရင်းအနှီးဈေးကွက်ဖိုရမ်ဥက္ကဋ္ဌများအစည်းအဝေး၊ အပြည်ပြည်ဆိုင်ရာနှီးနှောဖလှယ်ပွဲနှင့် အလုပ်ရုံ ဆွေးနွေးပွဲများသို့ စဉ်ဆက်မပြတ်တက်ရောက်ကာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်လျက် ရှိခြင်း၊

(ဇ) ဒေသတွင်းနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသည့် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများကို လေ့လာပြီး မိမိတို့ဈေးကွက်တွင် လက်တွေ့ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဈ) ကုမ္ပဏီများပိုမိုပွင့်လင်းမြင်သာမှုရှိစေရေးနှင့် တာဝန်ယူမှုတာဝန်ခံမှုရှိသည့် ဖွင့်ဟထုတ်ဖော်မှု များအတွက် နိုင်ငံတကာစဉ်ဆက်မပြတ်ဖွင့်ဟထုတ်ဖော်မှု စံသတ်မှတ်သည့်အဖွဲ့ International Sustainable Standard Board–ISSB နှင့် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်တို့ ပူးတွဲ ဆောင်ရွက်သည့် နိုင်ငံတကာ စာရင်းကိုင်နှင့် အစီရင်ခံခြင်းဆိုင်ရာ စံ–စဉ်ဆက်မပြတ် ဖွင့်ဟ ထုတ်ဖော်ချက် (IFRS–Sustainability Finance Disclosure IFRS S1 & S2) နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲတွင် စာရင်းဝင်ကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် သက်ဆိုင်ရာ စည်းမျဉ်းထိန်းကျောင်းသူများကို ဖိတ်ကြားတက်ရောက်စေခြင်း၊

(ည) စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးအတွက် ပြည်ပ အစည်းအဝေး၊ ဆွေးနွေးပွဲများနှင့် webinar များသို့ တက်ရောက်၍ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) ကော်မရှင်ရုံးဝန်ထမ်းများအား IFRS Accounting Standard နှင့် IFRS Sustainability Finance Disclosure_ IFRS S 1 & S 2 ကို သိရှိနားလည်စေရန် ရှင်းလင်းပို့ချခြင်း၊

(ဌ) ရန်ကုန်စတော့အိပ်ချိန်းနှင့် ပူးပေါင်း၍ အရင်းအနှီးဈေးကွက်ဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲများ၊ ဟောပြောပွဲများနှင့် အွန်လိုင်းသင်တန်းများတွင် ပါဝင်ပို့ချခြင်း၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ အစုရှယ်ယာရှင် ၁၀၀ ဦးထက်ပိုရှိသော အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက် အရင်းအနှီးဈေးကွက်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း၊

(ဍ) MIoD နှင့်ပူးပေါင်း၍ Director Certification Program တွင် ကော်မရှင်မှ တာဝန်ရှိသူများက အများနှင့် သက်ဆိုင်သောကုမ္ပဏီများနှင့်စပ်လျဉ်း၍ စဉ်ဆက်မပြတ်ထုတ်ဖော်ခြင်းနှင့် ကော်ပိုရိတ်

စီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ စာရင်းဝင်အကြိုဈေးကွက် (Pre Listing Board– PLB) ဝင်ရောက်ရေးနှင့် စပ်လျဉ်းသည့် အချက်များနှင့် စာရင်းဝင်စံသတ်မှတ်ချက်များ၊ အများပြည်သူအား အရင်းအနှီးဖိတ်ခေါ်ခြင်း ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစစ်တမ်းရမှတ်များ အကဲဖြတ်မည့် နည်းလမ်းနှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းခြင်းများကို ကွဲပြားစွာ ဖြေရှင်းမည့် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊

(ဃ) ရန်ကုန်စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(၄)ခုတို့အား လုပ်ငန်းခွင်စစ်ဆေးခြင်း၊

ကော်မရှင်၏ လုပ်ငန်းဆောင်တာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်စေရန်အတွက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများသည် မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်လျက်ရှိကြပါသောကြောင့် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ နေ့စဉ်အရောင်းအဝယ်ပြုလုပ်ရာ၌ နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ခွင့်ပြုခဲ့ပြီးဖြစ်ရာ ၂၀၂၄ခုနှစ်၊ မတ်လအထိ နိုင်ငံခြားသား ငွေချေးသက်သေခံလက်မှတ်စာရင်း(၆၈)ခု ဖွင့်လှစ်ခဲ့ပါသည်။ အရင်းအနှီးဈေးကွက်တွင် စုစုပေါင်း ငွေချေးသက်သေခံလက်မှတ်စာရင်း (၄၆၂၄၉)ခု ဖွင့်လှစ်၍ ရောင်းဝယ်လျက်ရှိပြီး ဈေးကွက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ကျပ် ၆၇၇,၁၀၉ သန်းအထိ ရှိလာခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်ရင်သန်ဖွံ့ဖြိုးတိုးတက်ရန် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်ဆင့်သော အရာထမ်း အမှုထမ်းများ၊ ရန်ကုန်စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ကော်မရှင်၏ လုပ်ငန်းတာဝန်များ အထူးအားဖြင့် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲညီညီ ပါဝင်ပူးပေါင်းဆောင်ရွက်နေကြသည့် သက်ဆိုင်ရာပါဝင်ပတ်သက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင် ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ဦးမောင်မောင်ဝင်း
ဥက္ကဋ္ဌ၊ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ၂။ အစီရင်ခံစာ၏ရည်ရွယ်ချက်

၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့စီးပွားရေးပြန်လည်ဦးမော့လာခြင်းနှင့်အတူ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များဖြစ်သည့် အရင်းအနှီးဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီအရေအတွက် တိုးပွားလာစေရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ ဒေသတွင်းနိုင်ငံများနှင့်အတူ လက်တွဲကာ ဈေးကွက်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ဈေးကွက်တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေး သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများ၊ အများပြည်သူရင်းနှီးမြှုပ်နှံသူများအတွက် ဈေးကွက်တွင် ပါဝင်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများဖြစ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်သည့်အနေဖြင့် တိကျခိုင်မာသော သတင်းအချက်အလက်များပံ့ပိုးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နေမှုများကို အစီရင်ခံတင်ပြရန် ရည်ရွယ်ပါသည်။

## ၂-၁။ အဓိကအချက်များ

- မြန်မာနိုင်ငံအရင်းအနှီးဈေးကွက်ကို ခေတ်နှင့်အညီ တည်ထောင်ခြင်းသည် ၁၉၉၀ ပြည့်လွန်နှစ်များက စတင်ဖော်ဆောင်ခဲ့သည့်ခရီးရှည်တစ်ခု၏ ရလဒ်ဖြစ်ပါသည်။
- ၂၀၁၃ခုနှစ်တွင် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ဖွဲ့စည်းကာ ၂၀၁၄ခုနှစ်တွင် လုပ်ငန်းများ စတင် ဆောင်ရွက်ခဲ့သည်။
- ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ(၆၇)နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ကော်မရှင်သည် မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်ဖွံ့စည်း တည်ထောင်ခြင်း၊ စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်သည် လိုအပ်သောအမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခဲ့ပြီး ယင်းတို့ကို ကော်မရှင်၏ ဝက်ဘ်ဆိုက်ဒ်တွင် ဖတ်ရှုနိုင်ပါသည်။
- ကော်မရှင်သည် ဒေသတွင်းနိုင်ငံများရှိ အရင်းအနှီးဈေးကွက်ကိုကြီးကြပ်သူ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်စေမည့် ခိုင်မာသောမူဝါဒများနှင့် သင့်လျော်သောလုပ်ထုံးလုပ်နည်းများပေါ်ပေါက်လာစေရန် ဆောင်ရွက်ခဲ့ပါသည်။
- ဈေးကွက်တွင် အဓိကပါဝင်သူများမှာ ၂၀၁၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် ရန်ကုန် စတော့အိပ်ချိန်း၊ ရန်ကုန်စတော့အိပ်ချိန်း စာရင်းဝင်ကုမ္ပဏီ(၈)ခုနှင့် ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားသူ (၄၆,၂၄၉)ဦးတို့၏ ကြားခံအဖွဲ့အစည်းများအဖြစ် ဆောင်ရွက်ပေးနေသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(၆)ခုနှင့် ရင်းနှီးမြှုပ်နှံမှုအကြံပေးကုမ္ပဏီ(၁)ခုတို့ ဖြစ်သည်။
- ၂၀၂၄ခုနှစ်၊ မတ်လ၃၁ရက်နေ့အထိ ရန်ကုန်စတော့အိပ်ချိန်း စာရင်းဝင်ကုမ္ပဏီ(၈)ခုတို့၏ ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ကျပ် ၆၇၇,၁၀၉သန်း ဖြစ်ပြီး ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ တွင် ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်သူ (၄၆,၂၄၉)ဦး ဖြစ်သည်။
- ကော်မရှင်သည် ဈေးကွက်ကို အနီးကပ်စောင့်ကြည့်စစ်ဆေးလျက်ရှိပြီး အရင်းအနှီးဈေးကွက်အပေါ် အများပြည်သူရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုရှိစေရန် အကာအကွယ်ပေးလျက်ရှိပြီး လိုအပ်သော အရေးယူဆောင်ရွက်မှုများပြုလုပ်လျက်ရှိသည်။

# ၂-၂။ အဓိကကိန်းဂဏန်းများ

မြန်မာနိုင်ငံတွင် ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ ၆ ခု၊ ရင်းနှီးမြှုပ်နှံမှုအကြံပေးကုမ္ပဏီ ၁၃ ခု နှင့် မှတ်ပုံတင်အကြံပေး ကုမ္ပဏီ ၃ ခုတို့ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

YANGON STOCK EXCHANGE

YSX တွင် စာရင်းဝင်ကုမ္ပဏီ ၈ ခုရှိသည်။

စာရင်းဝင်ကုမ္ပဏီအပါအဝင်အစုရှယ်ယာရှင် ၁၀၀ဦးထက်ပိုရှိသော အများနှင့်သက်ဆိုင်သောကုမ္ပဏီ ၅၅ ခု ရှိသည်။

၂၀၂၄ ခုနှစ်၊မတ်လ၃၁ရက်နေ့တွင် ရှိသောစာရင်းဝင်ကုမ္ပဏီ (၈)ခု၏ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ကျပ် ၆၇၇,၁၀၉ သန်း ဖြစ်သည်။

YSXတွင်၂၀၂၃-၂၀၂၄ခုနှစ်အတွင်း အစုရှယ်ယာစောင်ရေ (၄,၄၉၇,၆၆၅)စောင်အရောင်း အဝယ်ဖြစ်ခဲ့ပြီးတန်ဖိုးမှာကျပ် ၁၁,၇၄၀.၆၇၉ သန်း ဖြစ်သည်။

ငွေချေးသက်သေခံလက်မှတ်စာရင်း အသစ်ဖွင့်လှစ်ထားသူ(၁၀၆၅)ဦးရှိပြီး ဈေးကွက်စတင်ချိန်မှ ၂၀၂၃-၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ်အထိ စာရင်းဖွင့်လှစ်သူ (၄၆,၂၄၉)ဦး ရှိသည်။

ဈေးကွက်အား ကြီးကြပ်ကွပ်ကဲရန် မူဝါဒအသစ် ၄ ခု ထုတ်ပြန်ခဲ့ပြီး ၃ ခုအား ပြင်ဆင်ခဲ့ပါသည်။

စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်မည့်ကုမ္ပဏီများအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ အမိန့် ကြော်ငြာစာနှင့် ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့သည်။

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ၄ ခု နှင့် ရန်ကုန်စတော့အိပ်ချိန်းတို့အား လုပ်ငန်းစစ်ဆေးခြင်းဆောင်ရွက်ခဲ့သည်။

ကော်မရှင်ရုံးဝန်ထမ်း ၅၇ ဦးဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိသည်။

ကော်မရှင်သည် AML/CFT ဆိုင်ရာအသိအမြင်မြှင့်တင်ခြင်းဆွေးနွေးပွဲနှင့် Online သင်တန်းများကို (၂) ကြိမ် ဆောင်ရွက်ခဲ့သည်။

MMK

၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာနှစ် အတွက် ကော်မရှင်ရုံး၏ ရသုံးခန့်မှန်းခြေငွေစာရင်း အသုံးစရိတ်မှာ ကျပ်၅၉၂.၃၆၉သန်း ဖြစ်သည်။

## ၂-၃။ မျှော်မှန်းချက်နှင့် ရည်မှန်းချက်

| | |
|---|---|
| မျှော်မှန်းချက် | **"ဖွံ့ဖြိုးတိုးတက်နေသည့် ကမ္ဘာ့ငွေချေးသက်သေခံလက်မှတ်ဈေးကွက်နှင့်အတူ စည်းကမ်းကျနသော မြန်မာငွေချေးသက်သေခံလက်မှတ်ဈေးကွက်ဖြစ်ထွန်းလာရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်"** |

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့သော ခေတ်သစ်စီးပွားရေး တည်ထောင်ရာတွင် ခိုင်မာ၍စနစ်ကျသည့် အရင်းအနှီးဈေးကွက်များသည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်သည်။ နိုင်ငံများသည် ယင်းတို့၏ အရင်းအနှီးဈေးကွက် ရှင်သန်ကြီးထွားစေရန်နှင့် ရင်းနှီးငွေများပိုမိုလွယ်ကူစွာ ရရှိစေရန် နည်းလမ်းနှစ်သွယ်ဖြင့် စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိပါသည် -

- နိုင်ငံ့အရင်းအနှီးဈေးကွက်အား ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊
- လုံခြုံစိတ်ချ၍ မျှတမှုရှိသော ဈေးကွက်ဖြစ်စေရန် နိုင်ငံတကာတွင် ကျင့်သုံးနေသည့် အလေ့အကျင့်များအပေါ် အခြေခံ၍ တိကျပြတ်သားသော စည်းမျဉ်းစည်းကမ်းများချမှတ်ခြင်း။

မြန်မာနိုင်ငံသည် အာဆီယံအရင်းအနှီးဈေးကွက်များဖိုရမ်(ACMF)တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် နိုင်ငံ့အရင်းအနှီးဈေးကွက်ဖွဲ့စည်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းတို့ကို ACMF လမ်းပြမြေပုံ အကောင်အထည်ဖော်ရာတွင် ပါဝင်ခြင်းဖြင့် အခိုင်အမာဆောင်ရွက်ရန်ဖြစ်သည်။

| | |
|---|---|
| ရည်မှန်းချက် | **"ရင်းနှီးမြှုပ်နှံသူများကို ကာကွယ်ပေးခြင်းနှင့် နိုင်ငံတော်၏စီးပွားရေးကို မြှင့်တင်ပေးခြင်းတို့ဖြင့် မျှတ၍ လုံခြုံစိတ်ချရပြီး ငွေဖြစ်လွယ်သော ငွေချေးသက်သေခံလက်မှတ်ဈေးကွက်အဖြစ် ထိန်းသိမ်းရန်"** |

အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယုံကြည်မှုသည် အဓိကအကျဆုံးဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ယုံကြည်မှုမရှိပါက ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယင်းတို့၏ ငွေကြေးအရင်းအမြစ်များအား ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်မဟုတ်သကဲ့သို့ စီးပွားရေးလုပ်ငန်းများသည်လည်း လုပ်ငန်းချဲ့ထွင်မှု အတွက် စွမ်းအင်ဖြစ်သော ရင်းနှီးငွေရရှိမှုအခွင့်အလမ်းများရရှိနိုင်စွမ်းမရှိခြင်းတို့ကြောင့် အကျိုးဆက်အနေဖြင့် စီးပွားရေးတုံ့ဆိုင်းမှုဖြစ်ပေါ်စေသည်။ သို့ဖြစ်ရာ ကော်မရှင်သည် မြန်မာ့အရင်းအနှီးဈေးကွက် ခိုင်မာအားကောင်းစေရန်အတွက် ဈေးကွက်အပေါ် ယုံကြည်မှုတည်ဆောက်ခြင်းကို အခြေခံအုတ်မြစ်သဖွယ် အထူးဦးစားပေးဆောင်ရွက်ခဲ့သည်။

## ၂-၄။ မြန်မာ့အရင်းအနှီးဈေးကွက်

### ဈေးကွက်တွင်ပါဝင်သူများ

မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်သည် ဖွံ့ဖြိုးစဖြစ်သော်လည်း ခိုင်မာစွာဖွဲ့စည်းထားသည့် ဈေးကွက်ဖြစ်သည်။ ကော်မရှင်သည် ယင်း၏ မျှော်မှန်းချက်များဖော်ဆောင်ရာတွင် ဈေးကွက်တွင် ပါဝင်သူများဖြစ်ကြသည့် ရင်းနှီးမြှုပ်နှံသူများ၊ ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေသည့် ကုမ္ပဏီများနှင့် ကြားခံဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတို့အကြား အားပေးမြှင့်တင်ရန်နှင့် ယုံကြည်မှုတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိသည်။ ဈေးကွက်တွင် ပါဝင်သူများ၏ အခန်းကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို အောက်ပါ ပုံကားချပ်တွင်ဖော်ပြထားသည် -




အရင်းအနှီးဈေးကွက်တွင်ရင်းနှီးမြှုပ်နှံလိုသူများသည် -

- မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှတစ်ဆင့် ထုတ်ဝေရောင်းချသည့် အစိုးရငွေတိုက်စာချုပ်များ၊ ငွေတိုက်လက်မှတ်များနှင့် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ထားသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများမှ ထုတ်ဝေရောင်းချသည့် အစုရှယ်ယာများကို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှတစ်ဆင့် ဝယ်ယူရောင်းချနိုင်ပါသည်။

ငွေချေးသက်သေခံလက်မှတ်အမျိုးအစားပေါ်မူတည်၍ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများသည် ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ ကို ကြီးကြပ်ကွပ်ကဲရာတွင်

- ငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များရောင်းဝယ်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသူအဖြစ် ဆောင်ရွက်ပါသည်။

- ကုမ္ပဏီများမှ ထုတ်ဝေသောအစုရှယ်ယာများ၊ ငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်း၍ ကော်မရှင်မှ စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသူအဖြစ် ဆောင်ရွက်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင်–
  - ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုက်နာ ဆောင်ရွက်ခြင်းရှိ/မရှိ ကြီးကြပ်စစ်ဆေးခြင်းနှင့်
  - အများနှင့်သက်ဆိုင်သောကုမ္ပဏီများမှ ဖွင့်ဟထုတ်ဖော်မှုအရည်အသွေးကို ကြီးကြပ်စစ်ဆေးခြင်း ဟူသော နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

## ကော်မရှင်၏လုပ်ငန်းဆောင်ရွက်ချက်များ

မြန်မာနိုင်ငံတွင် ခိုင်မာသောအရင်းအနှီးဈေးကွက်တည်ဆောက်ရန် ကော်မရှင်သည် အဓိကလုပ်ငန်းနှစ်ရပ်ကို ဆောင်ရွက်လျက်ရှိသည် –

### (၁) ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများ တိုးမြှင့်ဆောင်ရွက်ခြင်း

မူဝါဒရေးရာဖွံ့ဖြိုးတိုးတက်ရေးဌာနသည် ငွေချေးစာချုပ်ဈေးကွက်အပါအဝင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လက်ရှိချမှတ်ထားသည့် မူဝါဒရေးရာမူဘောင်ကို အားဖြည့် ဆောင်ရွက်ရန်နှင့် ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ထိရောက်သည့်ဈေးကွက် ဖြစ်ထွန်းပေါ် ပေါက်လာစေရန် ၂၀၂၃–၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ထမ်းအင်အား (၁၀)ဦးဖြင့် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

### (၂) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများအား စောင့်ကြည့် စစ်ဆေးခြင်း နှင့် ကြီးကြပ်ကွပ်ကဲခြင်း

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းအား ကြီးကြပ်ကွပ်ကဲရန်နှင့် စောင့်ကြည့်စစ်ဆေးရန် ဝန်ထမ်း (၂၆) ဦးဖြင့် ဆောင်ရွက်လျက်ရှိသည်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ ရန်ကုန်စတော့အိပ်ချိန်းအား ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများအပါအဝင် ဈေးကွက်တွင် ပါဝင်သူများအား ကြီးကြပ်ကွပ်ကဲခြင်း တို့ကို ဆောင်ရွက်ရန် ဝန်ထမ်း(၁၄)ဦးဖြင့် လည်းကောင်း၊ ဈေးကွက်စုံစမ်းထောက်လှမ်းခြင်းနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းစစ်ဆေးခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ စည်းမျဉ်း စည်းကမ်းလိုက်နာမှုရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက် ခြင်းတို့ကို ဆောင်ရွက်ရန် ဝန်ထမ်း(၁၂)ဦးဖြင့်လည်းကောင်းဆောင်ရွက်လျက် ရှိသည်။ မြန်မာ နိုင်ငံ၏ အရင်းအနှီးဈေးကွက်အား လုံခြုံစိတ်ချရသော ဈေးကွက်တစ်ခုဖြစ်လာစေရေး မြှင့်တင် ရန်နှင့် ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန်ဟူသော အဓိကရည်မှန်းချက် နှင့်အညီ တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာကျင့်သုံးစေရန် တွန်းအားပေး ဆောင်ရွက်လျက်ရှိသည်။

ကော်မရှင်၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် စျေးကွက်တွင် အဓိကပါဝင်သူတို့အကြား ပေါင်းစပ်ညှိနှိုင်းမှု အကျိုးရလဒ်များကို အောက်ပါဇယားဖြင့်ဖော်ပြအပ်ပါသည် -

| ပါဝင်သူများ | အကျိုးရလဒ်များ | ကော်မရှင်၏ဆောင်ရွက်ချက်များ |
|---|---|---|
| Investors<br>ရင်းနှီးမြှုပ်နှံသူများ | • ဆုံးရှုံးနိုင်ခြေများကို ရှင်းလင်းစွာ သိရှိနားလည်ခြင်း၊<br>• ရင်းနှီးမြှုပ်နှံမှုမပြုမီဆုံးဖြတ်နိုင်ရန် အတွက် အရေးပါသည့် သတင်းအချက်အလက်များ လွယ်ကူစွာရရှိနိုင်ခြင်း၊<br>• အစုရှယ်ယာဝင်များ၏ အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ခြင်း၊ | ○ စျေးကွက်တွင် ပါဝင်သူများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း၊<br>○ စျေးကွက်လုပ်ထုံးလုပ်နည်းများ ပိုမိုကောင်းမွန်စေရေး အားပေး မြှင့်တင်ရန်အတွက် မူဝါဒသစ်များ ဖော်ထုတ်ခြင်း၊ |
| Market Intermediaries<br>စျေးကွက်တွင် တစ်ဆင့်ခံဝန်ဆောင်မှု ပေးသူများ | • တိကျ၍ လိုက်လျောညီထွေရှိသော ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊<br>• လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူကို အကြံပေးရန်အတွက် ငွေချေးသက်သေခံလက်မှတ်ထုတ်ဝေသူများထံမှကိန်းဂဏန်း အချက်အလက်များ ရရှိနိုင်ခြင်းနှင့် သုံးသပ်နိုင်ခြင်း၊<br>• စည်းမျဉ်းစည်းကမ်းများ နှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်း၊ | ○ လမ်းညွှန်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများထုတ်ပြန်ခြင်း၊<br>○ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် ရန်ကုန်စတော့အိပ်ချိန်း၏ လုပ်ငန်းခွင်များသို့ သွားရောက်စစ်ဆေးခြင်းနှင့် စောင့်ကြည့် လေ့လာခြင်း၊ |
| Issuers<br>အစုရှယ်ယာ ထုတ်ဝေ ရောင်းချသည့် ကုမ္ပဏီများ | • အရင်းအနှီးနှင့် ရင်းနှီးမြှုပ်နှံမည့်သူများ ရရှိနိုင်ခြင်း၊<br>• စျေးကွက်တွင် ပါဝင်သူတို့အကြား မျှတ၍ ညီမျှသောဝန်းကျင်ရရှိခြင်း၊<br>• စည်းမျဉ်းစည်းကမ်းများလိုက်နာနိုင်ရန် ရှင်းလင်းမှုရှိခြင်း၊<br>• လုံလောက်၍ အချိန်အခါသင့် သတင်းအချက်အလက်များ ဖွင့်ဟထုတ်ဖော်ခြင်း၊ | ○ စာရင်းဝင်ကုမ္ပဏီများနှင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၏ လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း၊<br>○ မူဝါဒသစ်များထုတ်ပြန်ခြင်း၊<br>○ စျေးကွက်တွင် ပါဝင်သူများနှင့် တွဲဖက်၍ကော်ပိုရိတ်ငွေချေးစာချုပ်စျေးကွက်ဖြစ်ထွန်းလာစေရေး ဆောင်ရွက်ခြင်း၊ |

ကော်မရှင်အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ပါဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်-

| | |
|---|---|
| MOPF<br>Ministry of Planning and Finance | **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** (MoPF)<br>ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ၆၇(က)၊ (ခ)နှင့် (ဂ)တို့ အရ ကူးပြောင်းဆဲကာလအတွင်း ကော်မရှင်သည် ဝန်ကြီးဌာန (MoPF) ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ရှိပါသည်။<br>ငွေချေးသက်သေခံလက်မှတ်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအားလုံးအတွက် အစိုးရ အဖွဲ့အား အကြံပေးနိုင်ပါသည်။ အာဆီယံအရင်းအနှီးစျေးကွက်ဖိုရမ်၏ လမ်းပြ |

| | |
|---|---|
| | မြေပုံနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ အကောင်အထည်ဖော်သည့် ကိစ္စရပ်များတွင် ပူးပေါင်းပါဝင်လျက် ရှိသောကြောင့် မြန်မာနိုင်ငံ၏ စျေးကွက်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ခိုင်မာတောင့်တင်းရေးအတွက် အဓိက ကျသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ |
| | **အခြားသောအစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**<br>• မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများအား ကြီးကြပ်ထိန်းကျောင်းခြင်းနှင့် နိုင်ငံတော်အစိုးရ၏ ကိုယ်စားလှယ်အဖြစ် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချသည့် အဖွဲ့အစည်းဖြစ်ပါသည်။ ကော်မရှင်မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ပြည်တွင်းငွေချေးစာချုပ်စျေးကွက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အဖွဲ့ဝင်အဖြစ် ပါဝင်ပါသည်။ |
| | • ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ကုမ္ပဏီများမှတ်ပုံတင်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများကို ဆောင်ရွက်သည့် အဖွဲ့အစည်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီရေးရာကိစ္စရပ်များအတွက် စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသူအဖြစ် ဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် ကော်မရှင်သည် မြန်မာ့အရင်းအနှီးစျေးကွက်တွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် OECD၊ IFC နှင့် MIOD တို့နှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ |
| | **ဒေသတွင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများ**<br>၂၀၁၀ပြည့်နှစ်၊ စက်တင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးဆုံးဖြတ်ချက်အရ အဖွဲ့အစည်းဆိုင်ရာ မူဘောင်သဘောတူညီချက်ဖြင့် ဖွဲ့စည်းထူထောင်ခဲ့သည့် အာရှငွေချေးစာချုပ်စျေးကွက်များ ဖော်ဆောင်ရေး (Asian Bond Market Initiative–ABMI)အောက်တွင် အာဆီယံ+၃ ငွေချေးစာချုပ်စျေးကွက်ဖိုရမ် (ASEAN+3 Bond Market Forum–ABMF)ကို ဖွဲ့စည်းခဲ့ပါသည်။<br>• ABMF သည် နိုင်ငံဖြတ်ကျော်အရောင်းအဝယ်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများ တပြေးညီဖြစ်စေရန်၊<br>• ပုဂ္ဂလိကကဏ္ဍနှင့် အာဆီယံ+၃ ငွေချေးစာချုပ်စျေးကွက်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် ဌာနဆိုင်ရာတာဝန်ရှိသူတို့အကြား ဆွေးနွေးညှိနှိုင်းမှုများ မြှင့်တင်ရန်၊<br>• ဒေသတွင်းနိုင်ငံများတွင် ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရကဏ္ဍတို့အကြား အသိအမြင်၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများဖလှယ်ရန် အခွင့်အလမ်းများကို ပံ့ပိုးကူညီရန် ဖြစ်ပါသည်။<br>ကော်မရှင်သည် ABMF နှင့် ၂၀၁၆ ခုနှစ်မှ စတင်ကာ လေ့လာသူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး ကော်မရှင်ရုံး၏ အကြီးတန်းတာဝန်ရှိသူတစ်ဦးမှ ဆက်စပ်အစည်းအဝေးများသို့ ပုံမှန်တက်ရောက်လျက်ရှိပါသည်။ ကော်မရှင်သည် ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှစတင်၍ ဆင့်ပွားငွေချေးစာချုပ်စျေးကွက် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ADB အတွင်းရေးမှူးရုံးမှ |

| | |
|---|---|
| | တစ်ဆင့် ABMI မှ နည်းပညာအကူအညီ အဆင့် (၅) ကို ရယူဆောင်ရွက်ခဲ့ပါသည်။ ABMI နည်းပညာအကူအညီအဆင့်(၅)၏ အပြီးသတ်အစီရင်ခံစာ အရ ဆင့်ပွားဈေးကွက်တွင် အစိုးရငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်မှုလုပ်ငန်းစဉ် စံသတ်မှတ်ချက်ကို အခြေခံထားသော အထွေထွေလမ်းညွှန်ချက် (General Guideline) ထုတ်ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက် ရှိသည်။<br>ကော်မရှင်သည် အာဆီယံအရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင် ဖြစ်၍ ရေရှည်ရည်မှန်းချက်အောင်မြင်ရန် အခြေခံအဆောက်အအုံများ မြှင့်တင်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်တို့တွင် အဖွဲ့ဝင်နိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ |
| ASEAN Capital Markets Forum | ကော်မရှင်သည် အာဆီယံ ၁၀ နိုင်ငံမှ အရင်းအနှီးဈေးကွက် စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသူများပါဝင်သည့် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် (ACMF)တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် (ACMF) အနေဖြင့် အာဆီယံစီးပွားရေးအသိုက်အမြုံ (AEC) ၂၀၂၅ မူဘောင်အရ ဒေသဆိုင်ရာ အရင်းအနှီးဈေးကွက်များ ပိုမိုပေါင်းစည်းနိုင်ရန်အတွက် မဟာဗျူဟာများ မချမှတ်မီ စည်းမျဉ်းနှင့် နည်းဥပဒေများအား ဟန်ချက်ညီညီဖော်ဆောင်နိုင်ရေးအတွက် အလေးပေးဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင်သည် ACMF လမ်းပြမြေပုံအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ခဲ့ပါသည်။<br>အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ၌ ကျင်းပပြုလုပ်ခဲ့သည့် (၃၉)ကြိမ်မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဥက္ကဋ္ဌများ အစည်းအဝေး၊ အာဆီယံ အရင်းအနှီးဈေးကွက်ဖိုရမ် အပြည်ပြည်ဆိုင်ရာညီလာခံ ၂၀၂၃ နှင့် နိုင်ငံတကာ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာ စံများစဉ်ဆက်မပြတ်ဖွင့်ဟထုတ်ဖော်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်ရုံးမှ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး လာအိုနိုင်ငံ၊ လွမ်ပရာဘမ်မြို့တွင် ၂၀၂၄ ခုနှစ် ၊ မတ်လ ၁၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၄၀)ကြိမ်မြောက် ACMF Chairs' Meetingတွင် ကော်မရှင်ကိုယ်စား ကော်မရှင်အတွင်းရေးမှူးဖြစ်သူ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ တက်ရောက်ခဲ့ပါသည်။ ထို့အပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အွန်လိုင်းဖြင့် တက်ရောက်ခဲ့ပါသည်။ |

## ၃။ ကော်မရှင်စီမံအုပ်ချုပ်ပုံ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော ကော်မရှင်အဖွဲ့သည် ၎င်း၏လုပ်ငန်းဆောင်ရွက်ချက်များကို ခေတ်မီလွတ်လပ်၍ မှီခိုမှုကင်းပြီး ထိရောက်မှုရှိသော စည်းမျဉ်းစည်းကမ်းထိန်းကျောင်းသည့် အဖွဲ့အစည်း ဖြစ်စေရန် ကြိုးကြပ်ကွပ်ကဲလျက်ရှိသည်။ ကော်မရှင်ရုံးအဖွဲ့သည် ကော်မရှင်အဖွဲ့မှ အတည်ပြုထားသည့် လမ်းပြမြေပုံနှင့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### သိမှတ်ဖွယ်အချက်များ

- ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေအရ ဖွဲ့စည်းထားသည့် အစိုးရ

အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ပုဒ်မ ၆၇ အရ အသွင်ကူးပြောင်းရေးကာလအတွင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ကြီးကြပ်ကွပ်ကဲလျက်ရှိသည်။

- ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေအရ ကော်မရှင်သည် သီးခြားလွတ်လပ်သော အဖွဲ့အစည်းတစ်ခုဖြစ်သော်လည်း လက်ရှိတွင် ကူးပြောင်းဆဲကာလအတွင်း စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ အဖွဲ့အစည်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိသည်။
- ကော်မရှင်အစည်းအဝေးများအား ကော်မရှင်ဥက္ကဋ္ဌမှ ကြီးမှူး၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း (၁၀)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး မဟာဗျူဟာဆိုင်ရာလုပ်ငန်းစဉ်များ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။
- ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် ဆိုင်ရာကျင့်ဝတ်များနှင့်အညီ တာဝန်ထမ်းဆောင်လျက်ရှိသည်။
- ကော်မရှင်သည် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနယ်ပယ်တွင် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းခဲ့ပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ ရည်မှန်းချက်များ အကောင်အထည်ဖော်ရာ၌ အထောက်အပံ့ပေးနိုင်ရန် ကောင်းမွန်သော လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများအားလုံးနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

<u>**အရေးပါသည့်အချက်များ**</u>

| | | |
|---|---|---|
| ၂၀၂၃-၂၀၂၄ခု၊ ဘဏ္ဍာနှစ်အတွင်းကော်မရှင်အဖွဲ့ဝင်များမှ အစည်းအဝေး( ၁၀ )ကြိမ်ကျင်းပ ပြုလုပ်ခဲ့သည်။ | ကော်မရှင်တွင် ကျား၊မအချိုး ၁:၃ ရှိပါသည်။ | ဆိုင်ရာကျင့်ဝတ်စည်းမျဉ်းအား ဖောက်ဖျက်မှုမရှိပါ။ |

## ၃-၁။ စီမံအုပ်ချုပ်မှု

မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော ကော်မရှင်၏ အဓိကတာဝန်မှာ မြန်မာ့အရင်းအနှီးဈေးကွက်အား ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန်ဖြစ်သည်။ ဈေးကွက်တွင် ပါဝင်သူများအကြား ယုံကြည်မှုတည်ဆောက်ရန်နှင့် အကာအကွယ်ပေးနိုင်ရန် အခိုင်အမာဆုံးဖြတ်ချက်ချမှတ်ထားသည်-

- တာဝန်ခံမှု – အရင်းအနှီးဈေးကွက်တိုးတက်မှုအခြေအနေများအား အများပြည်သူသိရှိစေရန် အတွက် အစီရင်ခံစာအား နှစ်စဉ်ပုံမှန်ထုတ်ဝေရန် ရည်မှန်းချက်ရှိသည်။
- ပွင့်လင်းမြင်သာမှု- ရင်းနှီးမြှုပ်နှံရန်အတွက် လုံခြုံစိတ်ချရသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ယုံကြည်မှုရှိလာစေရန် ပိုမိုကောင်းမွန်သော ကော်ပိုရိတ်ဖွင့်ဟထုတ်ဖော်မှု အလေ့အထများအား ကျင့်သုံးမည်ဖြစ်သည်။ အစီရင်ခံစာထုတ်ဝေခြင်း၏ ရည်ရွယ်ချက်ဖြစ်သော

ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် မှုတ၍ မတူကွဲပြားသော အမြင်အား အသိပေးရန်ဖြစ်သည်။

ကော်မရှင်စီမံအုပ်ချုပ်မှုကို အောက်ပါအတိုင်း အဆင့်နှစ်ဆင့်ဖြင့်စီမံအုပ်ချုပ်သည်။

MOPF → **ကြီးကြပ်ခြင်း** → SECM

SECM → **အစီရင်ခံခြင်း** → MOPF

**ကော်မရှင်အဖွဲ့ဝင်များ**

ဥက္ကဋ္ဌ
ဦးမောင်မောင်ဝင်း
ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အဖွဲ့ဝင် (၆) ဦး
ဦးသိန်းမြင့်
ဒေါ် နွဲ့နွဲ့ဝင်း
ဒေါ်တင်တင်အုန်း
ဒေါ်သင်းသင်းအေး
ဒေါက်တာလေးကြွယ်
ဦးကြည်ဇင်ထွန်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံအပေါ်မူတည်ပြီး ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၄၅ နှင့်အညီ ကော်မရှင်အဖွဲ့ဝင်များကို အဆိုပြုရွေးချယ်ခန့်အပ်ထားခြင်း ဖြစ်ပါသည်။ ကော်မရှင်၏ အဓိကတာဝန်ဝတ္တရားများမှာ

- မြန်မာ့အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရန်၊
- ကော်မရှင်၏ မဟာဗျူဟာ ရည်မှန်းချက်များ သတ်မှတ်ရန်၊
- စီမံခန့်ခွဲမှု အဖွဲ့၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုအပေါ်သုံးသပ်ရန်၊
- ကော်မရှင်၏ ကော်ပိုရိတ်အလေ့အထများမြှင့်တင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊
- ဌာနတွင်း ချမှတ်ထားသော မူဝါဒများအား အတည်ပြုရန်၊
- ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

**ကြီးကြပ်ခြင်း** ↓ **အစီရင်ခံခြင်း** ↑

**စီမံအဖွဲ့**

**ဦးကြည်ဇင်ထွန်း**
ညွှန်ကြားရေးမှူးချုပ်
**ဒေါ်နီနီဆွေ**
ဒုတိယညွှန်ကြားရေးမှူးချုပ်
**ဦးဝင်းကြိုင်**
စီမံခန့်ခွဲမှုဌာန
**ဒေါ်ကြည်ကြည်ခင်ဆွေ**
ဈေးကွက်ကြီးကြပ်ကွပ်ကဲခြင်းနှင့်စောင့်ကြည့်လေ့လာခြင်းဌာန
**ဒေါ်အိစိန်စိန်ကြွယ်**
မူဝါဒရေးရာဖွံ့ဖြိုးတိုးတက်ရေးဌာန
**ဦးဆန်းဝင်း**
ဈေးကွက်စုံစမ်းထောက်လှမ်းခြင်းဌာန

လုပ်ငန်းဆောင်တာများအား ကော်မရှင်အဖွဲ့ရုံး၏ ညွှန်ကြားရေးမှူး(၄)ဦးတို့ သက်ဆိုင်ရာနယ်ပယ်အလိုက် တာဝန်ယူဆောင်ရွက်ပါသည်။ ကော်မရှင်၏ အဓိကလုပ်ငန်းနယ်ပယ် (၄)ခုအား ဌာနလေးခုတို့မှ စီမံဆောင်ရွက်လျက်ရှိပါသည် -

- **စီမံခန့်ခွဲမှုဌာန**သည် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေးနှင့် ရသုံးခန့်မှန်းခြေငွေစာရင်းစီမံခန့်ခွဲသည့် ကိစ္စများဆောင်ရွက်သည်။ ကော်မရှင်ရုံး၏ အရင်းအမြစ်များ အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် အခြားဌာနများအားပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။
- **ဈေးကွက်ကြီးကြပ်ကွပ်ကဲခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းဌာန**သည် ရန်ကုန်စတော့အိပ်ချိန်းအပါအဝင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတစ်ခုလုံး၏ ဆောင်ရွက်ချက်များအား စောင့်ကြည့်ကွပ်ကဲလျက်ရှိပြီး ယင်းတို့၏ လုပ်ငန်းဆောင်ရွက်မှု အရည်အသွေးနှင့် စည်းမျဉ်းစည်းကမ်းများအားလိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ သုံးသပ် အကဲဖြတ်လျက်ရှိသည်။
- **မူဝါဒရေးရာဖွံ့ဖြိုးတိုးတက်ရေးဌာန**သည်စည်းမျဉ်းစည်းကမ်းသစ်များဖော်ထုတ်ခြင်း၊ သင့်လျော်သည့်မိတ်ဖက်အဖွဲ့အစည်းများနှင့် ထိရောက်စွာ ပူးပေါင်းခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။
- **ဈေးကွက်စုံစမ်းထောက်လှမ်းခြင်းဌာန**သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုအား ကြီးကြပ်စစ်ဆေးခြင်း၊ နေ့စဉ်အစုရှယ်ယာ ရောင်းဝယ်မှုကို စောင့်ကြည့်ခြင်း နှင့် သုံးသပ်တင်ပြခြင်း၊ ဈေးကွက်တွင် မလျော်မကန်ဆောင်ရွက်မှုများအား စုံစမ်းထောက်လှမ်းခြင်း၊ လုပ်ငန်းစစ်ဆေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းနှင့် ဥပဒေရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိပါသည်။

## ၃-၂။ ကော်မရှင်အဖွဲ့ဝင်များ

ကော်မရှင်အဖွဲ့ဝင်များအား ကော်မရှင်ကို ဦးဆောင်လမ်းညွှန်နိုင်ရန် နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားပါသည်။ ကော်မရှင်သည် ကျား/မ အချိုးညီမျှမှုရှိပြီး ကော်ပိုရိတ်ဖွဲ့စည်းပုံနှင့် မူဝါဒများဖော်ဆောင်ရန် မရှိမဖြစ် လိုအပ်သည့် ကျယ်ပြန့်သောအတွေ့အကြုံနှင့် ကွန်ယက်ဆက်နွယ်မှုရှိသူများဖြစ်ပါသည်။



**ဝဏ္ဏကျော်ထင်ဦးမောင်မောင်ဝင်း**

**ရာထူး** – ဥက္ကဋ္ဌ

**ခန့်အပ်သည့်နေ့** – ၇–၆–၂၀၁၆

**လုပ်ငန်းအတွေ့အကြုံ**

- ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
- ယခင်အမြဲတမ်းအတွင်းဝန်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
- ယခင်ညွှန်ကြားရေးမှူးချုပ်၊ ငွေတိုက်ဦးစီးဌာန၊စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- ယခင်ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
- ယခင်ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
- ယခင်အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန



**ဝဏ္ဏကျော်ထင်ဦးသိန်းမြင့်**

**ရာထူး** – အဖွဲ့ဝင်

**ခန့်အပ်သည့်နေ့**–၆–၂–၂၀၁၇

**လုပ်ငန်းအတွေ့အကြုံ**

- ပြည်နယ်စာရင်းစစ်ချုပ် (ငြိမ်း)၊ ရှမ်းပြည်နယ်
- ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
- အဖွဲ့ဝင်၊မြန်မာနိုင်ငံစာရင်းကိုင် ကောင်စီ
- နာယက၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့ စာရင်းကိုင်များအသင်း
- လက်မှတ်ရပြည်သူ့ စာရင်းကိုင်
- စီးပွားရေးပညာဘွဲ့(ဝါဏိဇ္ဇဗေဒ)(စက်မှုနှင့် ကုန်သွယ်ရေး) ရန်ကုန် စီးပွားရေးတက္ကသိုလ်



**ဒေါ်နွဲ့နွဲ့ဝင်း**

**ရာထူး** – အဖွဲ့ဝင်

**ခန့်အပ်သည့်နေ့**–၁–၄–၂၀၂၁

**လုပ်ငန်းအတွေ့အကြုံ**

- ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ရသုံးမှန်းခြေငွေ စာရင်းဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- စီးပွားရေးပညာဘွဲ့(ဝါဏိဇ္ဇဗေဒ)၊ရန်ကုန်စီးပွားရေး တက္ကသိုလ်၊
- စာရင်းကိုင်ပညာဒီပလိုမာ၊မြန်မာနိုင်ငံစာရင်းကောင်စီ
- လက်မှတ်ရဥပဒေအကျိုးဆောင်၊ပညာရေးဝန်ကြီး ဌာန
- ကွန်ပျူတာသိပ္ပံ ဒီပလိုမာ၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်
- မူဝါဒရေးရာ သိပ္ပံဒီပလိုမာ၊ Saitama University၊ ဂျပန်



**ဒေါ်တင်တင်အုန်း**

**ရာထူး** – အဖွဲ့ဝင်

**ခန့်အပ်သည့်နေ့**–၉–၁၁–၂၀၂၂

- ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- စာရင်းအင်းပညာဘွဲ့



**ဒေါ်သင်းသင်းအေး**

**ရာထူး** – အဖွဲ့ဝင်

**ခန့်အပ်သည့်နေ့** – ၉–၁၁–၂၀၂၂

- ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး
- ဥပဒေဘွဲ့ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်

| | |
|---|---|
| ရန်ကုန် စီးပွားရေးတက္ကသိုလ်<br>• စာရင်းကိုင်ပညာဒီပလိုမာ၊ မြန်မာနိုင်ငံစာရင်းကောင်စီ | |
|  **ဒေါက်တာ လေးကြည်**<br>**ရာထူး** – အဖွဲ့ဝင်<br>**ခန့်အပ်သည့်နေ့** – ၉-၁၁-၂၀၂၂ |  **ဦးကြည်ဇင်ထွန်း**<br>**ရာထူး**– အတွင်းရေးမှူး<br>**ခန့်အပ်သည့်နေ့** – ၂၁-၁-၂၀၂၁ |
| • ဒုတိယပါမောက္ခချုပ်(ငြိမ်း) ရန်ကုန် စီးပွားရေးတက္ကသိုလ်၊<br>• အကြံပေးပုဂ္ဂိုလ်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)<br>• ကော်မတီဝင်၊ အိမ်ထောင်စုနှင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူရေး အဖွဲ့ဝင် (၂၀၁၃-၂၀၁၄)<br>• ကျွမ်းကျင်သူအကြံပေး အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းရေးဆွဲရေးအဖွဲ့၊ ပညာရေးဝန်ကြီးဌာန၊<br>• အကြံပေးပုဂ္ဂိုလ်၊မြဝတီဘဏ်လီမိတက်<br>• ပညာရေးစီမံခန့်ခွဲမှုဒီပလိုမာသင်တန်း<br>• ပါရဂူဘွဲ့ (စာရင်းအင်းပညာ)၊ရန်ကုန်စီးပွားရေးတက္ကသိုလ် | • ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန<br>• ဒုတိယရုံးအဖွဲ့မှူး၊ ပြည်ထောင်စု ဝန်ကြီးရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန<br>• လ/ထအတွင်းဝန်၊ ပြည်ထောင်စု ဝန်ကြီးရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန<br>• စာရင်းကိုင်ပညာဒီပလိုမာ၊ မြန်မာနိုင်ငံစာရင်းကောင်စီ<br>• ပြည်သူ့ရေးရာစီမံခန့်ခွဲမှု(မဟာဘွဲ့)နှင့် စီးပွားရေးပညာဘွဲ့လွန်ဒီပလိုမာ၊ရန်ကုန်စီးပွားရေး တက္ကသိုလ်<br>• သိပ္ပံဘွဲ့(ရူပဗေဒ)၊ရန်ကုန် တက္ကသိုလ် |

၂၀၂၃ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ ကော်မရှင်အစည်းအဝေး (၁၀) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး အဖွဲ့ဝင်များ အားလုံး ရာနှုန်းပြည့် တက်ရောက်ခဲ့ပါသည်။

ကော်မရှင်အစည်းအဝေးများတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို အောက်ပါဇယားဖြင့် အကျဉ်းချုပ်ဖော်ပြ အပ်ပါသည် –

| စဉ် | ရက်စွဲ | စာရင်းဝင်ကုမ္ပဏီများနှင့် အများနှင့် သက်ဆိုင်သောကုမ္ပဏီများ | ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ | ရန်ကုန်စတော့အိပ်ချိန်း | မူဝါဒရေးရာဖွံ့ဖြိုးတိုးတက်ရေး | ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်း | စီမံဘဏ္ဍာနှင့် လူ့စွမ်းအားအရင်းအမြစ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၁ | ၂၅-၄-၂၀၂၃ | ✓ | ✓ | | ✓ | | ✓ | |
| ၂ | ၂-၆-၂၀၂၃ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | |
| ၃ | ၁၉-၆-၂၀၂၃ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | |
| ၄ | ၁၁-၈-၂၀၂၃ | ✓ | ✓ | ✓ | ✓ | | ✓ | |
| ၅ | ၁၉-၉-၂၀၂၃ | | ✓ | ✓ | ✓ | ✓ | ✓ | |
| ၆ | ၁၀-၁၁-၂၀၂၃ | ✓ | ✓ | ✓ | | ✓ | ✓ | |
| ၇ | ၁၈-၁၂-၂၀၂၃ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | |
| ၈ | ၁၃-၁-၂၀၂၄ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | |
| ၉ | ၂၃-၂-၂၀၂၄ | ✓ | ✓ | ✓ | ✓ | | ✓ | |
| ၁၀ | ၃၀-၃-၂၀၂၄ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | |

- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် ရန်ကုန်စတော့အိပ်ချိန်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် စျေးကွက်စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိ/မရှိ ကြီးကြပ်ကွပ်ကဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် စုံစမ်းထောက်လှမ်းခြင်း၊
- ရှယ်ယာရှင် ၁၀၀ ဦးထက်ပိုရှိသော အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၏ ဘဏ္ဍာရေးရှင်းတမ်းများအားစိစစ်တင်ပြခြင်း၊
- စာရင်းဝင်အကြိုစျေးကွက်ဝင်ရောက်ရန် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လုပ်ထုံးလုပ်နည်းများ၊
- ကော်မရှင်မှ ထုတ်ပြန်ခဲ့သည့် မူဝါဒများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအား သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းဆိုင်ရာကိစ္စရပ်များ၊

## ၃-၃။ ကော်မရှင်ရုံးစီမံခန့်ခွဲရေးကော်မတီ

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၏ စီမံခန့်ခွဲရေးကော်မတီကို ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ အစည်းအဝေး (၁၁) ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး အဖွဲ့ဝင်တစ်ဦးချင်းစီ၏ တက်ရောက်မှုမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အမည် | တာဝန် | တက်ရောက်သည့် အကြိမ်အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ဦးကြည်ဇင်ထွန်း | ဥက္ကဋ္ဌ | ၁၁/၁၁ | |
| ၂ | ဒေါ်နီနီဆွေ | ဒုဥက္ကဋ္ဌ | ၁၁/၁၁ | |
| ၃ | ဒေါ်ကြည်ကြည်ခင်ဆွေ | အဖွဲ့ဝင် | ၁၁/၁၁ | |
| ၄ | ဒေါ်အိစိန်စိန်ကြွယ် | အဖွဲ့ဝင် | ၁၁/၁၁ | |
| ၅ | ဦးဆန်းဝင်း | အဖွဲ့ဝင် | ၅/၁၁ | |
| ၆ | ဦးဝင်းကြိုင် | အတွင်းရေးမှူး | ၁၁/၁၁ | |

စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အောက်ပါဇယားဖြင့် အကျဉ်းချုပ် ဖော်ပြအပ်ပါသည်-

| စဉ် | ရက်စွဲ | အစည်းအဝေးတက်ရောက်မှုရာခိုင်နှုန်း | လူ့စွမ်းအားအရင်းအမြစ်နှင့်သင်တန်း | ဝန်ထမ်းသက်သာချောင်ချိရေး | ဘဏ္ဍာရေး | စည်းမျဉ်းစည်းကမ်းဆိုင်ရာကြီးကြပ်ဆောင်ရွက်မှု | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ၃-၄-၂၀၂၃ | ၁၀၀% | | | ✓ | ✓ | |
| ၂ | ၂၄-၄-၂၀၂၃ | ၁၀၀% | ✓ | ✓ | | ✓ | |
| ၃ | ၃၀-၅-၂၀၂၃ | ၁၀၀% | ✓ | | | ✓ | |
| ၄ | ၁၃-၆- ၂၀၂၃ | ၁၀၀% | ✓ | | | | |
| ၅ | ၂၅-၇- ၂၀၂၃ | ၁၀၀% | | ✓ | ✓ | | |
| ၆ | ၁၄-၈- ၂၀၂၃ | ၈၃.၃၃% | ✓ | | ✓ | | |
| ၇ | ၆-၉- ၂၀၂၃ | ၈၃.၃၃% | ✓ | | ✓ | | |
| ၈ | ၃၁-၁၀- ၂၀၂၃ | ၈၃.၃၃% | | ✓ | | ✓ | |
| ၉ | ၂၄-၁၁- ၂၀၂၃ | ၈၃.၃၃% | ✓ | | ✓ | | |
| ၁၀ | ၆-၁၂-၂၀၂၃ | ၈၃.၃၃% | ✓ | | ✓ | | |
| ၁၁ | ၁၂-၁-၂၀၂၄ | ၁၀၀% | ✓ | | ✓ | | |

စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများတွင် အောက်ဖော်ပြပါ အကြောင်းအရာများကို အဓိကဆွေးနွေး ဆောင်ရွက်ခဲ့ကြပါသည်-


- ကော်မရှင်၏ အဓိကလုပ်ငန်းများကို စဉ်ဆက်မပြတ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ကော်မရှင်ရုံးဝန်ထမ်းများအတွက် ပြည်တွင်း/ပြည်ပ သင်တန်းများ၊ ဝန်ထမ်းခန့်ထားရေး ကိစ္စရပ်များနှင့် ရာထူးတိုး ကိစ္စရပ်များ၊
- ကော်မရှင်ရုံးဝန်ထမ်းများ လုပ်ငန်းခွင်ပျော်ရွှင်မှုရှိစေရေးနှင့် ဝန်ထမ်းများ၏ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် ထောက်ပံ့ရေးကိစ္စရပ်များ၊
- ကော်မရှင်ရုံး၏ ပြင်ဆင်ထိန်းသိမ်းရေး၊ ပစ္စည်းဝယ်ယူရေး၊ ဝန်ဆောင်မှုနှင့် ရငွေနှင့် သုံးငွေ စိစစ်ခြင်း ကိစ္စရပ်များ၊
- နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝန်ထမ်းများအား အရေးယူဆောင်ရွက်မှုကိစ္စရပ်များ၊


## ၃-၄။ ရသုံးခန့်မှန်းခြေငွေစာရင်း

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၏ ရှေ့ပြေး အမှန်စာရင်းမှာ ကျပ် ၅၉၂.၃၆၉ သန်းဖြစ်ပြီး ယင်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ထက် ၆၂.၀၇ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

| | |
|---|---|
| • လစာနှင့်စရိတ် | ၄၆ ရာခိုင်နှုန်း |
| • ရုံးအသုံးစရိတ် | ၄၉ ရာခိုင်နှုန်း |
| • ငွေလုံးငွေရင်းအသုံးစရိတ် | ၄ ရာခိုင်နှုန်း |
| • ပြင်ဆင်ထိန်းသိမ်းစရိတ် | ၁ ရာခိုင်နှုန်း |

ကော်မရှင်ရုံး၏ ဘဏ္ဍာရေးနှစ်(၃)နှစ်အတွင်း ရသုံးခန့်မှန်းခြေငွေစာရင်းကို အောက်ပါပုံကားချပ်ဖြင့် ဖော်ပြအပ် ပါသည်-



## ၃-၅။ ထောက်ပံ့မှုများ


ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးနိုင်ရန် ရန်ပုံငွေတစ်ရပ်ထားရှိပြီး ဝန်ထမ်းများသာရေး၊ နာရေးနှင့် ပညာသင်ထောက်ပံ့ကြေး တို့အတွက် ထောက်ပံ့လျက်ရှိပါသည်။

ကော်မရှင်သည် ရာထူးအဆင့်အလိုက် အသုံးပြုနိုင်ရန် မော်တော်ယာဉ်များ စီစဉ်ပေးထားပါသည်။ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ယာ စီစဉ်ထားရှိပြီး ရုံးတက်/ ရုံးဆင်း အဆင်ပြေချောမွေ့စေရေးအတွက် ဝန်ထမ်းကြို/ ပို့ယာဉ် များလည်း စီစဉ်ဆောင်ရွက်ထားပါသည်။

## ၃-၆။ ဝန်ထမ်းဦးရေပြောင်းလဲမှုအခြေအနေ

၂၀၂၄ ခုနှစ်၊ မတ်လကုန်ဆုံးချိန်တွင် ကော်မရှင်ဝန်ထမ်း (၅၇)ဦး တာဝန်ထမ်းဆောင်လျက်ရှိသည်။ ဝန်ထမ်းများ မတူကွဲပြားမှု အနေဖြင့်-

- အမျိုးသမီးဝန်ထမ်း ၇၅ ရာခိုင်နှုန်း၊ အမျိုးသားဝန်ထမ်း ၂၅ ရာခိုင်နှုန်း
- အသက် ၄၀ နှစ်အောက်ဝန်ထမ်း ၆၈ ရာခိုင်နှုန်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ၃၂ ရာခိုင်နှုန်း
- မဟာဘွဲ့ရ ၁၈ ရာခိုင်နှုန်း၊ ဘွဲ့ရ ၇၅ ရာခိုင်နှုန်းနှင့် အခြား ၇ ရာခိုင်နှုန်း



ဝန်ထမ်းဦးရေ ပြောင်းလဲမှုအခြေအနေ

## ၃-၇။ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု

ကော်မရှင်၏ ရည်မှန်းချက်များ ပြည့်မီစေရန် ကော်မရှင်သည် အရင်းအနှီးဈေးကွက်နှင့် ဆက်နွယ်သော အတတ်ပညာပိုင်းအပေါ် အများအားဖြင့် အားကိုးအားထား ပြုလျက်ရှိသည်။ တတ်သိကျွမ်းကျင်သူများ မှန်ကန်စွာ ပေါ်ထွန်းလာစေခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ သို့ဖြစ်ရာ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရန် အတွက် ကော်မရှင်အဖွဲ့ဝင် ဦးသိန်းမြင့်မှ ဘဏ္ဍာရေးနှင့် စာရင်းကိုင်စံဆိုင်ရာ အသိပညာမျှဝေခြင်း သင်တန်းအား အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းပို့ချခဲ့ပါသည်။ ထို့ပြင် ဂျပန်နိုင်ငံ“Japan Financial Services Agency”မှ ကော်မရှင်ရုံး

ဝန်ထမ်းများအား စျေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် သင်တန်းများအား ၃လပတ်အလိုက် ပံ့ပိုး ကူညီလျက် ရှိပါသည်။

ကော်မရှင်ရုံး၏ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှု ပိုမိုတိုးတက်လာစေရန်အတွက် အရာထမ်းငယ်များ လုပ်ငန်း ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၁/၂၀၂၃) အား ဖွင့်လှစ် နိုင်ခဲ့ပါသည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းနှင့် ပညာရေးဆိုင်ရာ သင်တန်း များသို့ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အရာထမ်း၊ အမှုထမ်းများကို အလှည့်ကျ စေလွှတ်နိုင်ခဲ့ပါသည်။



ဂျပန်နိုင်ငံ"Japan Financial Services Agency" မှ စျေးကွက်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများပို့ချခြင်း

# ၄။ စျေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း

## ၄-၁။ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ

### စာရင်းဝင်ကုမ္ပဏီတိုးခြင်း

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်း၌ မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Myanmar Agro Exchange Public Co., Ltd–MAEX) အား ရန်ကုန် စတော့အိပ်ချိန်း၏ အဋ္ဌမမြောက်စာရင်းဝင်ကုမ္ပဏီအဖြစ် ဝင်ရောက်ခြင်းအခမ်းအနားကို ကျင်းပခဲ့ရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်စတော့အိပ်ချိန်း၊ စာရင်းဝင် ကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အစီရင်ခံသည့်ကာလအတွင်း မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် စာရင်းဝင်ကုမ္ပဏီ (၁)ခုအဖြစ် တိုးလာသဖြင့် အောက်ပါအတိုင်း ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီ(၈)ခု ရှိပါသည်-

| စဉ် | စာရင်းဝင်ကုမ္ပဏီအမည် | စာရင်းဝင်သည့်နေ့ | လုပ်ငန်းအမျိုးအစား |
|---|---|---|---|
| ၁ | FMI | ၂၅-၃-၂၀၁၆ | ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်း |
| ၂ | MTSH | ၂၀-၅-၂၀၁၆ | စီးပွားရေးဇုန်အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်း |
| ၃ | MCB | ၂၆-၈-၂၀၁၆ | ဘဏ်လုပ်ငန်း |
| ၄ | FPB | ၂၀-၁-၂၀၁၇ | ဘဏ်လုပ်ငန်း |
| ၅ | TMH | ၂၆-၁-၂၀၁၈ | ဆက်သွယ်ရေးလုပ်ငန်း |
| ၆ | EFR | ၂၈-၅-၂၀၂၀ | ဘက်စုံထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း |
| ၇ | AMATA | ၃-၆-၂၀၂၁ | ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း |
| ၈ | MAEX | ၃-၇-၂၀၂၃ | သစ်သီးဝလံ၊ အသားငါးနှင့် ပန်းမန်များကို အထူးပြု ရောင်းဝယ်သည့် လက်ကားဈေးအား စီမံခန့်ခွဲသည့်လုပ်ငန်း |



၃-၆-၂၀၂၃ ရက်နေ့ မြန်မာအက်ဂရီအိပ်ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အား ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီအဖြစ် လက်ခံသည့်အခမ်းအနား။

## စာရင်းဝင်အကြိုဈေးကွက်

စာရင်းဝင်စံသတ်မှတ်ချက်များပြည့်မီရန် လိုအပ်ချက်များရှိနေသော အများနှင့် သက်ဆိုင်သောကုမ္ပဏီများအတွက် ကြားခံပြင်ဆင်ဆောင်ရွက်သည့် ဈေးကွက်တစ်ခု ဖန်တီးပေးနိုင်ခြင်းနှင့် အသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်းများ စာရင်းဝင်အကြိုဈေးကွက်မှတစ်ဆင့် အရင်းအနှီးများ ရှာဖွေစုဆောင်းနိုင်ရန်နှင့် စာရင်းဝင်ကုမ္ပဏီများ တိုးတက်လာစေရေး အထောက်အကူပြုရန် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်အကြိုဈေးကွက် အမည်ဖြင့် ဒုတိယဈေးကွက်ကို တည်ထောင်ခွင့်ပြုခဲ့ပြီး အဆိုပါ စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်မည့် ကုမ္ပဏီများ အတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတွက် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပါသည်။

ထို့ပြင် စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်ရန်လျှောက်ထားသည့် ကုမ္ပဏီများ၊ အဆိုပါ ကုမ္ပဏီများအား အကြံဉာဏ်ပေးသော မှတ်ပုံတင်အကြံပေးများနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအနေဖြင့် လုပ်ငန်း လည်ပတ်မှုကို ထိရောက်စွာ လုပ်ဆောင်နိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလက်စွဲ (Business Operation Manual of Pre – Listing Board) အား ကော်မရှင်မှ ထပ်မံ ထုတ်ပြန်ခဲ့ပါသည်။

မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သည့် အကြံပေးခြင်း၊ မှတ်ပုံတင်လျှောက်ထားရာတွင် ရန်ကုန်စတော့အိပ်ချိန်းမှ သတ်မှတ်ထားသော ထောက်ခံချက်နှင့် ဈေးကွက်တန်ဖိုးအကဲဖြတ်မှုများကို ပြင်ဆင်ပေးခြင်း၊ လိုအပ်ချက်များကို အတည်ပြုပေးခြင်းနှင့် မှတ်ပုံတင်ပြီးနောက် ကော်ပိုရိတ်သတင်းအချက်အလက်များကို ဖွင့်ဟကြေညာရာတွင် အကြံပေးခြင်းများကို ဆောင်ရွက်နိုင်ရန်အတွက် မှတ်ပုံတင်အကြံပေးများအဖြစ် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများအပြင် ရန်ကုန်စတော့အိပ်ချိန်းမှ ထောက်ခံတင်ပြလာသည့် အောက်ဖော်ပြပါကုမ္ပဏီ(၃)ခုအား မှတ်ပုံတင်အကြံပေးများ အဖြစ် ခန့်အပ်နိုင်ရန် ခွင့်ပြုပေးခဲ့သည်–

(က) Trust Venture Partners Co., Ltd
(ခ) Maximax Solution Services Co., Ltd
(ဂ) Myanmar Enterprise Solutions Co., Ltd

### ကော်ပိုရိတ်ငွေချေးစာချုပ်

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် မြန်မာနိုင်ငံတွင် ကော်ပိုရိတ် ငွေချေးစာချုပ် ဈေးကွက်ဖြစ်ပေါ်လာစေရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ကော်ပိုရိတ်ငွေချေးစာချုပ် ထုတ်ဝေ ရောင်းချခွင့်ပြုနိုင်ရေး လေ့လာသုံးသပ်ချက်စာတမ်းမူကြမ်းနှင့် ကော်ပိုရိတ်ငွေချေးစာချုပ်များ ထုတ်ဝေခွင့်ပြုခြင်း ဆိုင်ရာ အမိန့်ကြော်ငြာစာမူကြမ်းတို့အား ပြုစုဆောင်ရွက်လျက်ရှိပါသည်။

## ၄–၂။ ပြည်တွင်းငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံတွင် ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပြည်တွင်း ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီသည် ပုံမှန်အစည်းအဝေး(၃)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။



၁/၂၀၂၃ ကြိမ်မြောက် ပြည်တွင်းငွေချေးစာချုပ်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
အစည်းအဝေးကျင်းပခြင်း

# ၄-၃။ စည်းမျဉ်းစည်းကမ်းများဖြင့် ဈေးကွက်အားထိန်းကျောင်းခြင်း

ကော်မရှင်သည် စည်းမျဉ်းစည်းကမ်းထိန်းကျောင်းရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပါသည်-

- ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်မည့် ကုမ္ပဏီများအတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတွက် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း၊
- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ စတော့အိပ်ချိန်းနှင့် ကောင်တာဈေးကွက်တို့အတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ညွှန်ကြားချက်အား ပြင်ဆင်ထုတ်ပြန်ခြင်း၊
- ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ပွင့်လင်းမြင်သာမှု ရှိစေရေးဆိုင်ရာ ညွှန်ကြားချက်အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခြင်း၊
- အများပြည်သူသို့ ဖွင့်ဟအသိပေးခြင်း မပြုရသေးသည့် အတွင်းသတင်းများကို အသုံးပြု၍ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကာကွယ်တားဆီးခြင်းဆိုင်ရာ ညွှန်ကြားချက်အား ပြင်ဆင် အစားထိုးသည့် ညွှန်ကြားချက်နှင့် ကြီးကြပ်စစ်ဆေးရမည့် အချက်များဆိုင်ရာ လမ်းညွှန်ချက်ထုတ်ပြန်ခြင်း၊
- လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးတွေ့ရှိချက်ရလဒ်များအား ထုတ်ပြန်ခြင်း၊
- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီနှင့် ကောင်တာဈေးကွက်တို့၏ ဒါရိုက်တာနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ခန့်အပ်တာဝန်ပေးရာတွင် သင့်လျော်မှန်ကန်မှုရှိစေရန်အတွက် "ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီနှင့် ကောင်တာဈေးကွက်တို့၏ ဒါရိုက်တာနှင့် တာဝန်ရှိပုဂ္ဂိုလ်များခန့်အပ်ခြင်းဆိုင်ရာ ညွှန်ကြားချက်" အား ထုတ်ပြန်ခဲ့ပါသည်။

ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ချောမွေ့စေရေးနှင့် မှန်ကန်သော နည်းလမ်းဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးတို့အတွက် ကြီးကြပ်ကွပ်ကဲရန်အတွက် ရန်ကုန်စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုအား နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်အတွင်းတွင် ရန်ကုန် စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ(၄)ခုတို့အား စစ်ဆေးခဲ့ပါသည်။





ရန်ကုန်စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား လုပ်ငန်းခွင်စစ်ဆေးမှုဓါတ်ပုံ

# ၅။ ရင်းနှီးမြှုပ်နှံသူများအားကာကွယ်ပေးရန် အသိပညာပေးသင်တန်းများဆောင်ရွက်ခြင်း

## အရင်းအနှီးဈေးကွက်သတင်းလွှာ

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၏ အရင်းအနှီးဈေးကွက်သတင်းလွှာကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ပုံမှန်ထုတ်ပြန်လျက်ရှိရာ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း သတင်းလွှာ (၄)စောင်အား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ယင်း၏ လက်အောက်ခံ အဖွဲ့အစည်းများသို့ အီလက်ထရောနစ်နည်းလမ်းဖြင့် အသီးသီးဖြန့်ဝေခဲ့ပြီး ကော်မရှင်၏ ဝက်ဘ်ဆိုဒ်တွင် လွှင့်တင်ခဲ့ပါသည်။




## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးခြင်း

မြန်မာနိုင်ငံအရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကော်မရှင်ရုံးသည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံမှုအကြံပေးကုမ္ပဏီ၊ စာရင်းဝင်အကြိုဈေးကွက် မှတ်ပုံတင်အကြံပေးကုမ္ပဏီများနှင့် တွေ့ဆုံ၍ လက်ရှိလုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ တွေ့ရှိရသည့် အခက်အခဲများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြပါသည်။



၂၂ ကြိမ်မြောက်နှင့် ၂၃ ကြိမ်မြောက်လစဉ်တွေ့ဆုံဆွေးနွေးပွဲ



၂၁-၈-၂၀၂၃ရက်နေ့ ကော်မရှင်ရုံးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးမြင့်လာစေရန် အတွက် "White Paper of Institute Advisory Penal" ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးခြင်း။



၁၁-၂-၂၀၂၃ရက်နေ့ အရာထမ်းငယ်များ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခြင်း။


## ပညာပေးဆွေးနွေးပွဲများ

ကော်မရှင်ရုံးသည် ရန်ကုန်စတော့အိပ်ချိန်းနှင့် ပူးပေါင်း၍ အရင်းအနှီးဈေးကွက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ "ကော်ပိုရိတ်ဖွင့်ဟထုတ်ဖော်မှု" နှင့် "ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ဆက်နွယ်သည့်ပုဂ္ဂိုလ် အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပြီး မြန်မာဒါရိုက်တာများ အင်စတီကျု နှင့် (MIoD) ပူးပေါင်း၍ MIoDမှ ဖွင့်လှစ်သော ဒါရိုက်တာလက်မှတ်ရ သင်တန်းများတွင် "စာရင်းဝင်စံသတ်မှတ်ချက်၊ အများပြည်သူသို့ အစုရှယ်ယာ ကမ်းလှမ်းခြင်းနှင့် ဖွင့်ဟထုတ်ဖော်ခြင်းဆိုင်ရာလိုအပ်ချက်များ" ၊ "ဆက်နွယ်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများ အကြား ရောင်းဝယ်လွှဲပြောင်းခြင်း၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်းများ အကဲဖြတ်ခြင်းနှင့် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း" ခေါင်းစဉ်များဖြင့် ဆွေးနွေးပို့ချခဲ့ပါသည်။








၁၆-၁၂-၂၀၂၃ ရက်နေ့တွင် (MIoD) နှင့် ပူးပေါင်း၍ “ကော်ပိုရိတ်စီမံအုပ်ချုပ်မှု စစ်တမ်းရမှတ်များကို အကဲဖြတ်ခြင်းနှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများအကြား ရောင်းဝယ်လွှဲပြောင်းခြင်းများကို ဖြေရှင်းပေးမည့်နည်းလမ်းများ” ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် အွန်လိုင်းဆွေးနွေးပွဲ



ကော်မရှင်ရုံး ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် Prime Hill ၊ ရန်ကုန်မြို့၌ ရန်ကုန်စတော့အိပ်ချိန်း နှင့် Myanmar Legal MHM Limited တို့ ပူးပေါင်းကာ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ရောက်မည့် ကုမ္ပဏီများအတွက် ဥပဒေ

ပိုင်းဆိုင်ရာကြုံတွေ့နေရသောအခက်အခဲများနှင့် ကြိုတင်ပြင်ဆင်ထားသင့်သည်များကို သိရှိစေရန် ရည်ရွယ်၍ ကျင်းပခဲ့သည့် ဆွေးနွေးပွဲတွင် ကော်မရှင်အတွင်းရေးမှူးက အမှာစကား ပြောကြားခဲ့ပါသည်။




ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ရောက်မည့်ကုမ္ပဏီများအတွက် ဥပဒေပိုင်းဆိုင်ရာကြုံတွေ့နေရသော အခက်အခဲများနှင့် ကြိုတင်ပြင်ဆင်ထားသင့်သည်များဆိုင်ရာ ဆွေးနွေးပွဲကျင်းပခြင်း။

YSXမှ ဖွင့်လှစ်သည့် YSX Basic Stock Investment Training Course (၂/၂၀၂၃)နှင့် (၁/၂၀၂၄) တို့တွင် Understanding AML/CFT in Securities Market ခေါင်းစဉ်ဖြင့် ပို့ချခဲ့ပါသည်။

## ဟောပြောပွဲ

ကော်မရှင်သည် ရန်ကုန်စတော့အိပ်ချိန်းမှ ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံသူများနှင့် စာရင်းဝင်ကုမ္ပဏီ အရေအတွက် တိုးပွားလာစေရန်နှင့် ပြည်သူလူထုသို့ ငွေရေးကြေးရေးဆိုင်ရာ အသိပညာများဖြန့်ဝေပေးနိုင်စေရန် ရည်ရွယ်၍ ရိုက်ကူးထုတ်လွှင့်ခဲ့သည့် “YSX Stock Investment Virtual Series 2023” ၏ အစီအစဉ် တစ်ခုဖြစ်သည့် “Challenges and Influencing Factors for Myanmar Stock Investment” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ပါသည်။



YSX Stock Investment Virtual Series 2023

## အစုရှယ်ယာရှင် ၁၀၀ ဦး ထက်ပိုရှိသော အများနှင့် သက်ဆိုင်သော ကုမ္ပဏီများအတွက် အရင်းအနှီးဈေးကွက်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ကြီးမှူး၍ ရန်ကုန် စတော့အိပ်ချိန်းနှင့် ပူးပေါင်းကျင်းပသော အစုရှယ်ယာရှင်(၁၀၀)ဦးထက်ပိုရှိသော အများနှင့်သက်ဆိုင်သော ကုမ္ပဏီများနှင့်စပ်လျဉ်း၍ စဉ်ဆက်မပြတ် ဖွင့်ဟထုတ်ဖော်ခြင်း၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက် (Pre Listing Board – PLB) နှင့်စပ်လျဉ်း၍ ရှင်းလင်းခြင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း တက်ရောက် အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးပါသည်။

ကော်မရှင်ရုံးမှ တာဝန်ရှိသူများမှ စဉ်ဆက်မပြတ်ဖွင့်ဟထုတ်ဖော်ခြင်းဆိုင်ရာ ကိစ္စများ၊ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စများ၊ ရန်ကုန်စတော့အိပ်ချိန်း အကြီးတန်း အမှုဆောင်မန်နေဂျာက စာရင်းဝင်အကြိုဈေးကွက် (Pre Listing Board–PLB) ဆိုင်ရာ စံသတ်မှတ်ချက်များကို ရှင်းလင်းတင်ပြပြီးနောက် ၃-၇-၂၀၂၃ ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်းသို့ အဌမမြောက်စာရင်းဝင်ကုမ္ပဏီအဖြစ် ဝင်ရောက်ခဲ့သည့် မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Myanmar Agro Exchange Public Co., Ltd) ဒါရိုက်တာက အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအနေဖြင့် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ရောက်ခြင်းဆိုင်ရာ အတွေ့အကြုံများကို ရှင်းလင်း တင်ပြခဲ့ပါသည်။




အစုရှယ်ယာရှင် ၁၀၀ဦးထက်ပိုရှိသော အများနှင့်သက်ဆိုင်သောကုမ္ပဏီများအတွက် အရင်းအနှီးဈေးကွက်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပခြင်း

## စကားဝိုင်းဆွေးနွေးပွဲ

စာရင်းဝင်အကြိုဈေးကွက်ဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲများကို ရန်ကုန်စတော့အိပ်ချိန်း၌ (၂) ကြိမ်တိုင် ကျင်းပခဲ့ပြီး ဒုတိယအကြိမ်ကျင်းပခဲ့သည့် စကားဝိုင်းဆွေးနွေးပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲများသို့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်စတော့အိပ်ချိန်း၊ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများနှင့် ဖိတ်ကြားထားသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။




ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက်တွင် အများပိုင်ကုမ္ပဏီများက လွယ်ကူစွာ ဝင်ရောက်
မှတ်ပုံတင်နိုင်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ

## AML/CFT ဆိုင်ရာ အသိပညာမျှဝေခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်း

Monthly Dialogue Meeting တွင် သတင်းပို့အဖွဲ့အစည်းများဖြစ်သော ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများအား AML/CFT Annual Report ပုံစံသစ်အား မိတ်ဆက်ခြင်း၊ Sectoral Risk Assessment ပြုစုရေးဆွဲခြင်းနှင့် BO Instruction (၁/၂၀၂၃) တို့ကို ရှင်းလင်းဆွေးနွေးခြင်း၊ ကဏ္ဍအလိုက် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ် အကဲဖြတ်ဆန်းစစ်ချက် အစီရင်ခံစာအပေါ် တွေ့ရှိရသည့် အားနည်းချက်များ၊ ဆောင်ရွက်သင့်သည့် အချက်များနှင့် AML/CFT Policy and Procedure in securities industry ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင် AML/CFT ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အကဲဖြတ်စစ်ဆေးနိုင်ရန် အတွက် သတင်းပို့ အဖွဲ့အစည်းများအား Survey Questionnaires ပေးပို့ခြင်း၊ ဖြေကြားလာသည့် မေးခွန်းလွှာများ အပေါ် Off-site မှတစ်ဆင့် အကဲဖြတ်ဆန်းစစ်ခြင်း၊ အကဲဖြတ်ဆန်းစစ်ချက်များအား အတည်ပြုနိုင်ရေး သတင်းပို့ အဖွဲ့အစည်းများထံ On-site ဖြင့် သွားရောက်တွေ့ဆုံမေးမြန်းခြင်း၊ တွေ့ဆုံမေးမြန်းချက်အပေါ် ပြန်လည် အကဲဖြတ်ခြင်းနှင့် AML/CFT ဆိုင်ရာ On-site စစ်ဆေးမှု အစီရင်ခံစာထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ သတင်းပို့ အဖွဲ့အစည်းများမှ တင်ပြလာသော AML/CFTဆိုင်ရာ လပတ်အစီရင်ခံစာ၊ နှစ်ပတ်လည်အစီရင်ခံစာများကို ဝန်ကြီးရုံး၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့သို့ ပေးပို့ခဲ့ပါသည်။



သတင်းပို့အဖွဲ့အစည်းများနှင့် ML Risk Assessment Report ပြုစုရေးဆွဲခြင်း




AML/CFT ဆိုင်ရာ Risk Assessment နှင့်စပ်လျဉ်း၍ KBZSCနှင့် တွေ့ဆုံမေးမြန်းခြင်း




AML/CFT ဆိုင်ရာ Risk Assessment နှင့်စပ်လျဉ်း၍ MSEC တို့နှင့် တွေ့ဆုံမေးမြန်းခြင်း



AML/CFT ဆိုင်ရာ Risk Assessment နှင့်စပ်လျဉ်း၍ AYATrustSC နှင့် တွေ့ဆုံမေးမြန်းခြင်း




AML/CFT ဆိုင်ရာ Risk Assessment နှင့်စပ်လျဉ်း၍ UABSC နှင့် တွေ့ဆုံမေးမြန်းခြင်း

## ၆။ ဒေသတွင်းအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်သည် ဒေသတွင်းအရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အရင်းအနှီးဈေးကွက်ကြီးကြပ်ရေးအာဏာပိုင်များနှင့် ဖွဲ့စည်းထားသည့် အသိုက်အဝန်းဖြစ်ပါသည်။ အရင်းအနှီးဈေးကွက်ဖိုရမ်မှ အာဆီယံအရင်းအနှီးဈေးကွက် ဥက္ကဋ္ဌများ အစည်းအဝေး၊ ဒုတိယအကြီးအကဲများအစည်းအဝေး၊ အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ပူးတွဲ အစည်းအဝေးနှင့် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေးတို့ကို နှစ်စဉ် နှစ်ကြိမ်စီ ပုံမှန်တွေ့ဆုံဆွေးနွေးလျက် ရှိပါသည်။ အဆိုပါ အစည်းအဝေးများမှ ဒေသတွင်းအရင်းအနှီးဈေးကွက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပေါ် လေ့လာ၍ အမြင်ချင်းဖလှယ်ခွင့်ရရှိပြီး မြန်မာနိုင်ငံအရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အထောက်အကူပြုသဖြင့် ပုံမှန်ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ၂၀၂၃ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ (၃၉) အကြိမ်မြောက် အာဆီယံအရင်အနှီးဈေးကွက်ဖိုရမ် ဥက္ကဋ္ဌများအစည်းအဝေး ၊ အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် အပြည်ပြည် ဆိုင်ရာညီလာခံ၂၀၂၃နှင့် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ စဉ်ဆက်မပြတ် ဖွင့်ဟထုတ်ဖော်ရေး

ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးမှ အဖွဲ့ဝင်နှစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။




၁၆-၁၀-၂၀၂၃ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ၃၉ ကြိမ်မြောက်
အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်ဥက္ကဋ္ဌများအစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌ တက်ရောက်စဉ်




၁၇-၁၀-၂၀၂၃ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်း
ဆိုင်ရာစံများ စဉ်ဆက်မပြတ်ဖွင့်ဟထုတ်ဖော်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ တက်ရောက်စဉ်

## အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဒုတိယအကြီးအကဲများအစည်းအဝေး

လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အရင်းအနှီး ဈေးကွက်ဖိုရမ်ဒုတိယအကြီးအကဲများအစည်းအဝေးသို့ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ အာဆီယံကိုယ်စားလှယ်အဖွဲ့ဝင်များ (Online) မှ အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။






အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဒုတိယအကြီးအကဲများအစည်းအဝေးသို့ တက်ရောက်မှု

## အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်၊ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ

လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ၂၀၂၄ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၁ ရက်နှင့် ၂၂ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးနှင့် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ပူးတွဲအစည်းအဝေးသို့ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ အွန်လိုင်းမှ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အာဆီယံ ၁၀ နိုင်ငံရှိ အာဆီယံအရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး

ကော်မရှင်များမှ ဒုတိယအကြီးအကဲများ၊ အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်အောက်ရှိ သက်ဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။



အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးနှင့် အာဆီယံအရင်းအနှီး ဈေးကွက်ဖိုရမ် ပူးတွဲအစည်းအဝေး




အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးနှင့် အာဆီယံအရင်းအနှီး ဈေးကွက်ဖိုရမ် ပူးတွဲအစည်းအဝေး

## (၄၁)မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်ဥက္ကဋ္ဌများအစည်းအဝေး

လာအိုနိုင်ငံ၊ လွမ်ပရာဘမ်မြို့တွင် ၂၀၂၄ခုနှစ် မတ်လ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ အကြိမ်(၄၁) မြောက် အာဆီယံ အရင်းအနှီးဈေးကွက်ဖိုရမ် ဥက္ကဋ္ဌများအစည်းအဝေးနှင့် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်နှင့် နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်း စံသတ်မှတ်ချက်များ စဉ်ဆက်မပြတ်ဖွင့်ဟထုတ်ဖော်ရေးဆိုင်ရာ ဘုတ်အဖွဲ့ ပူးတွဲ ညီလာခံနှင့် နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများစဉ်ဆက်မပြတ် ဖွင့်ဟထုတ်ဖော်ရေးဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံးမှ အဖွဲ့ဝင်နှစ်ဦးပါ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။




၁၅ -၃-၂၀၂၄ ရက်နေ့တွင် လာအိုနိုင်ငံ လွမ်ပရာဘမ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် အကြိမ် (၄၀) မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်ဥက္ကဋ္ဌများအစည်းအဝေးသို့ ကော်မရှင်အတွင်းရေးမှူး တက်ရောက်စဉ်




၁၅ -၃-၂၀၂၄ ရက်နေ့တွင် လာအိုနိုင်ငံ လွမ်ပရာဘမ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် အကြိမ် (၄၀) မြောက် အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ်ဥက္ကဋ္ဌများအစည်းအဝေးသို့ ကော်မရှင်အတွင်းရေးမှူး တက်ရောက်စဉ်

## အွန်လိုင်းဆွေးနွေးပွဲများ

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးမှ ဝန်ထမ်းများသည် အောက်ဖော်ပြပါ Virtual ဖြင့် ကျင်းပသော Webinar များသို့ တက်ရောက်ခဲ့ကြပါသည်-

၁။ ASEAN Taxonomy for Sustainable Finance Version 2 Webinar
၂။ Sustainable Finance Policy on Green Finance Transition Planning & The Joint Committee on Climate Change (JC3) Long Journey to Zero Conference 2023
၃။ Master Plan on ASEAN Connectivity
၄။ Implementation of the ASEAN Strategy for Carbon Neutrality

၅။ ASEAN Smart Cities Network (ASCN) Regional Workshop on Development of ASEAN Smart City Investment Toolkit

၆။ ASEAN Transition Finance Guidance Version 1

၇။ ASEAN Capital Markets Forum (ACMF)– International Sustainable Standards Board (ISSB) Joint Conference & Workshop on the IFRS Sustainability Disclosure Standards

၈။ Policy Seminar Series on Sustainable Finance Program

၉။ 11th Asian Regional Roundtable on Macroeconomic and structural Policies

၁၀။ Catalyzing Green and Sustainable Finance Through Capital Markets and other Innovative solutions

၁၁။ Thailand Focus 2023 The New Horizon Conference

၁၂။ Knowledge Sharing Program (KSP) Dissemination Conference

## ၇။ လူမှုရေးဆိုင်ရာ လှုပ်ရှားမှုများ

- ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် သင်တန်းသား ဒုတိယဆုနှင့် သေနတ်ပစ် ထူးချွန်ဆု ရရှိသည့်ဝန်ထမ်းအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်း၊
- ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး ဝန်ထမ်းဆုရရှိသော ဝန်ထမ်းအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခြင်း၊
- ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် ခွင့်ခံစားခြင်းမရှိသည့် ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခြင်း၊
- ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွက် ကော်မရှင်ရုံး၏ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်း၊
- ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး တည်ထောင်ခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းခြင်းနှင့် မိတ်ဆုံစားပွဲကျင်းပခြင်း၊
- ၁၃၈၅ ခုနှစ်၊ မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ဝန်ထမ်းမိသားစုများ အန္တရာယ်ကင်း ပရိတ်တရားနာခြင်း၊
- ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ဝန်ထမ်းအိမ်ရာအား ကြည့်ရှု စစ်ဆေးခြင်း။



သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ရှင်းလင်းပွဲ




၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကော်မရှင်ရုံး ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေနှင့်
စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကျင်းပခြင်း




ကော်မရှင်ရုံးဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပခြင်း



ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး တည်ထောင်ခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့
အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ




ဗဟိုဝန်ထမ်းတက္ကသိုလ်တွင် သင်တန်းသားဒုတိယဆုနှင့် သေနတ်ပစ်ထူးချွန်ဆု ရရှိသည့်ဝန်ထမ်းအား ဂုဏ်ပြု
လက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းပေးအပ်ချီးမြှင့်ခြင်း



လစဉ်ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲ (ဒါဘာ)



နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်တရားနာယူခြင်း





ဝန်ထမ်းအိမ်ရာစစ်ဆေးခြင်း


## ၈။ အရင်းအနှီးဈေးကွက်သုံးသပ်ချက်


### ဈေးကွက်အချက်အလက်


၂၀၂၃-၂၀၂၄ ခုနှစ် (ဧပြီလမှ မတ်လအထိ) အတွင်း ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီများ၏ စုစုပေါင်း အရောင်းအဝယ်ဖြစ်မြောက်မှုတန်ဖိုးမှာ ကျပ် ၁၁.၇၄၁ ဘီလီယံ ဖြစ်ပြီး ယင်းအနက် Blocking Trading ကျပ် ၅.၄၁၅ ဘီလီယံနှင့် Normal Trading ကျပ် ၆.၃၂၆ ဘီလီယံတို့ ဖြစ်သည်။ စာရင်းဝင်ကုမ္ပဏီများအနက် MTSH သည် အစုရှယ်ယာတန်ဖိုးကျပ် ၄.၃၂၀ ဘီလီယံဖြင့် အရောင်းအဝယ် အများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ စာရင်းဝင်ကုမ္ပဏီများ၏ လအလိုက်အရောင်းအဝယ်ဖြစ်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-





















| အစီရင်ခံသည့်ကာလ အတွင်း MYANPIX ဖြစ်ပေါ်မှုအခြေအနေ | အစီရင်ခံသည့်ကာလအတွင်း စာရင်းဝင်ကုမ္ပဏီ (၈)ခုတို့၏ ဈေးကွက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးဖြစ်ပေါ်မှုအခြေအနေ |
|---|---|










## ငွေတိုက်စာချုပ်/ ငွေတိုက်လက်မှတ်

အစိုးရငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်မှု







## အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၏ ဖွင့်ဟထုတ်ဖော်ချက်များ

အစုရှယ်ယာရှင်(၁၀၀)ဦးထက် ပိုရှိသော အများနှင့်သက်ဆိုင်သောကုမ္ပဏီများအနေဖြင့် နှစ်ဝက်အစီရင်ခံစာ၊ နှစ်ပတ်လည်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို ကော်မရှင်သို့တင်ပြ၍ စိစစ်ဆောင်ရွက်လျက်ရှိရာ အစီရင်ခံကာလ အတွင်း အစုရှယ်ယာရှင်(၁၀၀)ဦးထက် ပိုရှိသော အများနှင့်သက်ဆိုင်သောကုမ္ပဏီ ၄၈ ခု အနက် ၂၉ ခုမှာ သတ်မှတ်ကာလအတွင်း ပေးပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။



SECM

No.21-25, 2nd & 3rd Floor of Myanma Economic Bank (Regional Office Building),
Sule Pagoda Road, Pabedan Township, Yangon, Myanmar
+95 1 373959, +95 1 386609, (Fax) +95 1 370100,
secm.myanmar@gmail.com